# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၂/၂၀၂၃

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

**ပြည်တွင်းဈေးကွက်**

- ပြည်ခရိုင်ရှိ သီဟိုဠ်နှင့် လျှော်ဖြူဈေးကွက်

**နိုင်ငံတကာဈေးကွက်**

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၇ လအတွင်း မြန်မာနိုင်ငံသည် ပြည်ပသို့ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၁ သန်း ရရှိထား
- အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဥရောပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှဆန်ဝယ်ယူရန် ကမ်းလှမ်းထားသဖြင့် ပြည်တွင်း၌ ဆန်လက်ကျန်အနေအထားကို ချိန်ဆပြီးတင်ပို့ရန် ဆောင်ရွက်လျက်ရှိ
- မိုဇမ်ဘစ်နှင့်ရေးထိုးထားသည့် ပဲစင်းငုံရောင်းဝယ်မှုသဘောတူညီချက်ကို အိန္ဒိယရုပ်သိမ်းဖွယ်ရှိ
- အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီများ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုကျဆင်း
- ဗီယက်နမ်ပုစွန် ပြည်ပတင်ပို့မှု ကမ္ဘာ့ဒုတိယအများဆုံးအဆင့်သို့ရောက်ရှိ
- ကတ္တရာထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ထိုင်းကုမ္ပဏီတစ်ခုဖြစ်သော Tipco Asphalt (Tasco) က ဗင်နီဇွဲလားနိုင်ငံမှ ရေနံစိမ်း ပြန်လည်ဝယ်ယူတင်သွင်းနိုင်ရေးဆွေးနွေး
- ရုရှားရေနံတင်ပို့ခွန်ကို တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာသို့ လျှော့ချမည်
- ဗီယက်နမ်နိုင်ငံမှ ငှက်သိုက်များကို တရုတ်နိုင်ငံသို့ ပထမအကြိမ်အဖြစ်တင်ပို့မည်
- ထိုင်းနိုင်ငံတွင် သကြားဈေးတိုးမြှင့်ပြီးနောက် သကြားဈေးကွက်ပုံမှန်အတိုင်းရှိစေရေး ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနဆောင်ရွက်
- ၂၀၂၂ -၂ ၀၂၃ ခုနှစ်၌ ကမ္ဘာ့ကော်ဖီထွက်ရှိမှုမှာ စားသုံးမှုကိုဖြည့်ဆည်းရန် လိုအပ်ချက်ဖြစ်ပေါ်ခဲ့
- ၂၀၂၃-၂၄ ကြံစိုက်ပျိုးရာသီတွင်ကြံဈေးနှုန်းတိုးမြှင့်ပေးရန် ထိုင်းနိုင်ငံ ကြံစိုက်တောင်သူများကတောင်းဆို
- စင်ကာပူနိုင်ငံနှင့်တရုတ်နိုင်ငံအကြားပိုမိုအားကောင်းလာသည့်ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု
- အိန္ဒိယက သကြားပြန်လည်တင်ပို့ရန်စီစဉ်မှုကြောင့် ယူအေအီးတွင်သကြားဈေးကျဆင်းသွား
- ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင်ပြုလုပ်မည့် World of Coffee Dubai 2024 တွင် ကော်ဖီကဏ္ဍတွင် မိတ်ဖက်များမြှင့်တင်ရန်နှင့် အမျိုးမျိုးသောလုပ်ရှားမှုများ၊ အစီအစဉ်များကို ပြသသွားမည်
- ဗီယက်နမ် အုန်းသီး အမေရိကန်နှင့် တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့ရန်လမ်းပွင့်
- ရုရှားဆေးဝါးကုမ္ပဏီ Binnopharm Group သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဈေးကွက်များသို့ ဝင်ရောက်နိုင်ရန်စီစဉ်
- ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် အထည်အလိပ်နှင့် ချည်ထည်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၄ ဘီလီယံ ရည်မှန်းထား
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နှစ်သစ်လက်ဆောင်အဖြစ် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဈေးနှုန်းလျှော့ချပေးသွားရန် စီစဉ်ဆောင်ရွက်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသန ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲနှင့် ဆန်စပါး သိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ်ရှင်းလင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြား
- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital e–Commerce Platform တွင် MSMEs များနှင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ ပါဝင်အသုံးပြုနိုင်

**ပြည်ပကုန်သွယ်မှုသတင်း**

- တရုတ်နိုင်ငံ ၂၀၂၃ စစ်ချွမ်း–ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တက်ရောက်
- ဖိလစ်ပိုင်နိုင်ငံမှ ဒီဇင်ဘာလအတွင်း ကြက်သွန်နီ တန်ချိန် ၂၁,၀၀၀ တင်သွင်းရန်ရှိ
- ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၉၄၄၃၅ ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၁၆ သန်းကျော်ရရှိ

**အထူးဆောင်းပါး**

- အိန္ဒိယနိုင်ငံ၌ ယခုနှစ်စပါးပေါ်ချိန် ၄၅ ရက်အတွင်း အစိုးရ၏ဆန်ဝယ်ယူမှု ၄ ရာခိုင်နှုန်းကျဆင်း
- တရားမဝင်ကုန်သွယ်မှုကိုတားမြစ်ရန် လွတ်လပ်သောကုန်သွယ်မှုဇုန်ဥပဒေကိုပြင်ဆင်တော့မည့် စင်ကာပူ

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပြည်ခရိုင်ရှိ သီဟိုဠ်နှင့် လျှော်ဖြူဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၌ သီဟိုဠ်ပင်နှင့် လျှော်ဖြူပင်များကို စိုက်ပျိုးထားရှိလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် လျှော်ဖြူပင်များမှ လျှော်ဖြူအစေးများကို ထုတ်ယူလျက်ရှိပါသည်။ သီဟိုဠ်စေ့နှင့် လျှော်ဖြူစေးများကို ပြည်တွင်း၌သာ အသုံးပြုရန်မဟုတ်ဘဲ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်အတွက်လည်း Export တန်းဝင် အသီးအနှံများတိုးချဲ့စိုက်ပျိုးရန်ဖြစ်သည်။

**သီဟိုဠ်**

သီဟိုဠ်ပင်၏ မူရင်းဒေသမှာ တောင်အမေရိက၊ ဘရာဇီးနိုင်ငံမြောက်ပိုင်းမှစတင်၍ အိန္ဒိယနိုင်ငံမှတစ်ဆင့် အာရှတိုက်အတွင်း၊ ဗီယက်နန်နိုင်ငံမှတစ်ဆင့် အာဖရိကနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလာခဲ့ကြသည်။ ပြည်ခရိုင်၊ ပြည်မြို့တွင်လည်း စိုက်ပျိုးကြသည့်အပြင် ရွှေတောင်မြို့နယ်တွင်လည်း စိုက်ပျိုးကြသည်။ သီဟိုဠ်ပင်ကို မေလ နှင့်ဇွန်လတို့တွင်စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်(၄၀)ခန့်ဝင်ဆံ့ကြောင်းသိရသည်။ သီဟိုဠ်စေ့ကို မြန်မာနိုင်ငံတွင် လူအများအပြားစားသုံးကြပြီး ပြည်ဈေးကွက်၌ သီဟိုဠ်အစေ့အဆန်များကို မုန့်ဖုတ်ခြင်း၊ အစားအသောက်ဟင်းလျာများတွင် ထည့်သွင်းအသုံးပြုခြင်းနှင့် လှော်၍ ရောင်းချခြင်းများပြုလုပ်ကြသည်။ ဈေးနှုန်းဈေးကွက်အနေဖြင့် ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်တွင်ထွက်ရှိသော သီဟိုဠ်စေ့များကို ကုန်ကြမ်း(အစို)အတိုင်းသာ ရောင်းချလျက်ရှိသည်။ ယခင်နှစ်တွင် ကုန်ကြမ်းအစိုတစ်ပိဿာလျှင် ၃၀၀၀ ကျပ်ဖြင့် ရန်ကုန်သို့ ရက်ခြားတင်ပို့နိုင်သော်လည်း ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် အဖူးများ၊ အသီးများကြွေကျ၍ အထွက်နှုန်းများ ကျဆင်းလာပြီး ကုန်ကြမ်းအစိုတစ်ပိဿာလျှင် ၃၅၀၀ ကျပ်ဖြင့် ပွဲစားများက လာရောက်ဝယ်ယူကာ ရန်ကုန်၊ ထောက်ကြံ့သို့ တင်ပို့ရောင်းချကြောင်းသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသော သီဟိုဠ်စေ့များသည် မူဆယ်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့်အတွက် ပြည်ပဈေးကွက်ရှိသော သီးနှံဖြစ်သောကြောင့် ဈေးကောင်းရရှိရေးအတွက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသောမျိုးများကိုရွေးချယ်၍ ပြောင်းလဲစိုက်ပျိုးသင့်ပါကြောင်းနှင့် နည်းပညာအသစ်များဖြင့် စိုက်ပျိုးနိုင်လျှင် ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိလာနိုင်မည့် သီးနှံတစ်မျိုးဖြစ်သည်။

**လျှော်ဖြူ**

ပြည်ခရိုင်၌ လျှော်ဖြူကို ရွှေတောင်မြို့နယ်နှင့် ပြည်မြို့နယ်တို့တွင်စိုက်ပျိုးထားရှိသည်။ လျှော်ဖြူ (ခေါ်) ဆေးကုလားမသည် ၂၀၁၉ ခုနှစ်၊ ကိုဗစ်ရောဂါမဖြစ်ပွားမီကာလအထိ ဈေးကွက်တွင် ဈေးနှုန်းအလွန် ကောင်းမွန်လာခဲ့ပြီး ကြာဇံအမျှင်တစ်ပိဿာလျှင် ၁၂၀၀၀၀ ကျပ်၊ ရေခဲသားတစ်ပိဿာလျှင် ၈၅၀၀၀ ကျပ်နှင့် ပုံမှန်အစတစ်ပိဿာလျှင် ၆၅၀၀၀ ကျပ်ဈေးနှုန်းတို့ရှိခဲ့သည်။ ကိုဗစ်ရောဂါဖြစ်ပွားပြီး နောက်ပိုင်းတွင် ပြည်ပဝယ်လက်လမ်းကြောင်းမရှိတော့သလောက်နည်းပါးသွားပြီး ဈေးကွက်

တွင် တစ်ပိဿာလျှင် ၇၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်ခန့်အထိ ဈေးနှုန်းကျဆင်းသွားခဲ့သည်။ ယခုနှစ်၌ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်တွင် လျှော်ဖြူ စိုက်ဧက (၇၃၀) ဧကစိုက်ပျိုးထားရှိပြီး လျှော်ဖြူစေးများကိုလည်း စတင်ထုတ်ယူနေကြောင်းသိရသည်။ လျှော်ဖြူစေးထုတ်ယူရာတွင် ကြာဇံစေးနှင့် ရိုးရိုးလျှော်ဖြူစေးဟူ၍ (၂)မျိုးရှိရာ ကြာဇံစေးလျှော်ဖြူမှာ တစ်ပိဿာလျှင် (၁၀၀၀၀၀) ကျပ်ရှိပြီး ရိုးရိုးလျှော်ဖြူစေးတစ်ပိဿာလျှင် ၈၀၀၀ ကျပ်နှင့် ၁၀၀၀၀ ကျပ်ဈေးနှုန်းသာရှိကြောင်း သိရသည်။ ရိုးရိုးအစေးကို ပင်စည်မှထုတ်ယူရရှိ၍ အထွက်နှုန်းကောင်းပြီး ကြာဇံအစေးကို အပင်၏ကိုင်းမှ ထုတ်ယူရရှိသဖြင့် အထွက်နှုန်းနည်းကြောင်းသိရသည်။ လျှော်ဖြူပင်မှ လျှော်ဖြူစေးကို မိုးရာသီနှင့် ဆောင်းရာသီ ကာလများ၌ အဓိကထုတ်လုပ်၍ တစ်နှစ်ပတ်လုံးတွင် အစေးထုတ်ချိန်(၈)လခန့်ရှိကြောင်းသိရှိရသည်။ အစေးခြစ်ရာတွင် လူတစ်ဦးလျှင် တစ်နေ့ (၂၅) ပင်သာခြစ်နိုင်ပြီး အလုပ်သမားခ (၁) သောင်းကျပ် ပေးချေရကြောင်း သိရသည်။ ရွှေတောင်မြို့နယ်အနေဖြင့် လျှော်ဖြူကို ဧကများစွာစိုက်ပျိုးကြပြီး ယခုအချိန်တွင် အပင် (၅၀၀) ကို စမ်းသပ်၍ အစေးထုတ်ယူနေပြီး ကြာဇံအစေးမှာ ဈေးကောင်းရ၍ စမ်းသပ်ထုတ်ယူနေကြောင်းသိရသည်။ အစေးအထွက်နှုန်းအနေဖြင့် အကိုင်းအကြီး၊ အသေးပေါ်မူတည်၍ ထွက်ရှိကြောင်းသိရသည်။ ထုတ်ယူရရှိသော အစေးများကို မန္တလေးမြို့ သို့တင်ပို့ရောင်းချကြပြီး နယ်ဝယ်လက်များကလည်း လာရောက်ဝယ်ယူကြသည်။

ပြည်ခရိုင်အနေဖြင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ပို့ကုန်များကို ထပ်မံတိုးချဲ့၍ စိုက်ပျိုးထုတ်လုပ်သွားလျှင် ပြည်ပဝင်ငွေများရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20112023_1104

## နိုင်ငံတကာဈေးကွက်

### ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၇ လအတွင်း မြန်မာနိုင်ငံသည် ပြည်ပသို့ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၁ သန်း ရရှိ ထား

မြန်မာနိုင်ငံသည် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်ဖြစ်သော ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ၇ လ အတွင်း ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၅ သိန်းကျော် တင်ပို့ခဲ့ပြီး ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၁ သန်း ဝင်ငွေရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးရဲမင်းအောင်က နိုဝင်ဘာ ၉ ရက်တွင် ဆင်ဟွာသို့ ပြောသည်။

ဦးရဲမင်းအောင်က "အခုဒီဘဏ္ဍာရေးနှစ်က ၇ လရှိပြီဆိုတော့ နောက်ထပ် ၅ လကျန်ပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနှစ်ကိုလည်း ပုံမှန်ပဲ ဆန်တန်ချိန် ၂ သန်း တင်ပို့ဖို့မှန်းထားပါတယ်။ ပို့ကုန်ဝင်ငွေအနေနဲ့ ဆန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကနေ သန်း ၈၀၀ လောက်အထိ ရနိုင်မဲ့အနေအထားရှိပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံမှ ဆန်များကို ဧပြီလတွင် ဆန်တန်ချိန် ရှစ်သောင်းကျော်၊ မေလတွင် ဆန်တန်ချိန် တစ်သိန်းကျော်၊ ဇွန်လတွင် ဆန်တန်ချိန် ခြောက်သောင်းကျော်၊ ဇူလိုင်လတွင် ဆန်တန်ချိန် ငါးသောင်းကျော်၊ ဩဂုတ်လတွင် ဆန်တန်ချိန် ခြောက်သောင်းနီးပါး၊ စက်တင်ဘာလတွင် ဆန်တန်ချိန် ရှစ်သောင်းကျော်၊ အောက်တိုဘာလတွင် ဆန်တန်ချိန် တစ်သိန်းတစ်သောင်းကျော်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

"ဆန်တင်ပို့တဲ့အခါမှာ များသောအားဖြင့်က ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေက တင်ပို့တာနည်းတယ်။ နိုဝင်ဘာကနေ ဧပြီ၊ မေလတွေအထိကတော့ အိတ်စပို့ရာသီပေါ့။ အခုကျန်ရှိနေတဲ့ လတွေမှာ ပျမ်းမျှအားဖြင့် တစ်လကို ဆန်တန်ချိန် ၂ သိန်းကနေ ၂ သိန်းခွဲ အထိတင်ပို့ဖို့ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်ကတော့ အယ်နီညို ရာသီဥတု ဖြစ်စဉ်ကို စောင့်ကြည့်နေရတာပေါ့။ အခုလည်း မိုးတွေက ဆက်တိုက်ရွာတော့ ရိတ်သိမ်း၊ ခြွေလှေ့တဲ့နေရာမှာ အစိုဓာတ်တွေများတယ်။ တောင်သူလယ်သမားတွေ အခက်အခဲတွေရှိတယ်။ ရိတ်သိမ်း၊ ခြွေလှေ့ပြီးတဲ့ နောက်ပိုင်းမှာ အခြောက်ခံစက် လိုအပ်ချက်တွေများတယ်။ စပါးပေါ်တာကတော့ အခုအစပဲရှိပါသေးတယ်။ နိုဝင်ဘာလကုန်ပိုင်းနဲ့ ဒီဇင်ဘာလအခြေအနေကိုကြည့်ရဦးမှာဖြစ်ပါတယ်"ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။ ရာသီဥတု ပြောင်းလဲမှု၏သက်ရောက်မှုကို ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဆန်စပါး သိုလှောင်မှုမှတ်ပုံတင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့်သင့်တင့်မျှတသော ဆန်ဈေးနှုန်းများ (Reasonable Market Price) ဖြင့် ရောင်း၊ ဝယ်ရန် တိုက်တွန်းနှိုးဆော်ချက်များကိုလည်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ထုတ်ပြန်ထားရှိကြောင်းသိရသည်။ "ဆန်စပါးသိုလှောင်မှုနဲ့ ပတ်သက်ပြီးတော့ စာရင်းအင်းတွေ မှန်ကန်တိကျမှု၊ ပြည်တွင်းမှာ လက်ကျန်ဘယ်လောက်ရှိတယ်။ ဘာအမျိုးအစားတွေ သိုလှောင်ထားတယ်၊ ဘယ်လောက်သိုလှောင်ထားတယ်၊ ဘယ်နေရာမှာသိုလှောင်ထားတယ်ဆိုတာတွေကို စာရင်းအင်းအချက်အလက်တွေ တိတိကျကျသိမှ ဆုံးဖြတ်ချက် တွေချတဲ့အခါမှာ Policy Maker တွေအတွက် အထောက်အကူဖြစ်မှာဖြစ်တယ်။ တခြားနိုင်ငံတွေမှာလည်း ဒီလို လုပ်ကြတာတွေရှိတယ်။ ဒါကြောင့်ကျွန်တော်တို့က အခုလိုလုပ်ဖြစ်တာပါ"ဟု ဦးရဲမင်းအောင်က ဖြည့်စွက် ပြောကြားသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့်ဆန်များကို တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံများ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အာဖရိကနိုင်ငံတချို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ (Xinhua)

Related Topics:featuredRiceUYeMinAungဆန်ဦးရဲမင်းအောင်

Source: https://xinhuamyanmar.com/news/business/nm-2311905/

## အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဥရောပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရန် ကမ်းလှမ်းထားသဖြင့် ပြည်တွင်း၌ ဆန်လက်ကျန်အနေအထားကို ချိန်ဆပြီးတင်ပို့ရန် ဆောင်ရွက်လျက်ရှိ

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဥရောပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် အမြောက်အမြား ဝယ်ယူရန်ကမ်းလှမ်းထားသဖြင့် ပြည်တွင်း၌ ဆန်လက်ကျန်အနေအထားကို ချိန်ဆပြီး တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေက ဝယ်ယူမှုနဲ့ ဝယ်ယူလိုတဲ့ တန်ချိန်တွေများပါတယ်။ ဒါလေးတွေကို ဒီဘက်ကတင်ပို့နိုင်မဲ့အခြေအနေနဲ့ ချိန်ဆပြီးတော့ ပြည်တွင်းဈေးကွက်လည်း တည်ငြိမ်အောင်၊ ပြည်ပတင်ပို့နိုင်အောင်လည်းဆောင်ရွက်နိုင်အောင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီးတော့ စီစဉ်ဆောင်ရွက်နေတယ်”ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

ယခုနိုဝင်ဘာလမှစတင်ပြီး လာမည့်ဧပြီလအထိသည် ပို့ကုန်တင်ပို့သည့်ရာသီဖြစ်သောကြောင့် အဆိုပါ ကာလများအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး ယခုဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ဆန်နှင့်ဆန်ကွဲတန်ချိန်နှစ်သန်းခန့် တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“ပြည်ပတင်ပို့မှုကိုတော့ ယခုနှစ်အတွက်တော့ ဆန်တန်ချိန်နှစ်သန်းလောက်ကို တင်ပို့နိုင်အောင်ဆောင်ရွက်နေတယ်” ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကနဦး ခန့်မှန်းတွက်ချက်မှုများအရ ပြည်ပသို့ဆန်နှင့် ဆန်ကွဲ တန်ချိန် နှစ်သန်းခွဲ တင်ပို့နိုင်ရန် မျှော်မှန်းထားခြင်းဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ် ခုနစ်လအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၅၈၃,၆၈၃ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂၇၁ သန်းသာရရှိထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ခုနစ်လအတွင်းလအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ဧပြီလတွင် တန်ချိန် ၈၇,၆၄၈ တန်၊ မေလတွင် တန်ချိန် ၁၁၀,၇၀၆ တန်၊ ဇွန်လတွင် တန်ချိန် ၆၂,၇၂၅ တန်၊ ဇူလိုင်လတွင် ၅၈,၃၃၄ တန်၊ ဩဂုတ်လတွင် တန်ချိန် ၅၉,၉၇၁ တန်၊ စက်တင်ဘာလတွင် တန်ချိန် ၈၄,၇၇၃ တန်နှင့် အောက်တိုဘာလတွင် တန်ချိန် ၁၁၉,၅၂၆ ဖြင့် စုစုပေါင်း တန်ချိန် ၅၈၃,၆၈၃ တန်တင်ပို့ မှုမှဝင်ငွေဒေါ်လာ ၂၇၁ သန်း ရရှိထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့မြန်မာ့ဆန်တန်ချိန် ၂၂၆၁၂၀၃ (၂ ဒသမ ၂၆ သန်းကျော်) တင်ပို့ခဲ့ပြီး ဝင်ငွေ ဒေါ်လာ ၈၅၃ ဒသမ ၄၇၂ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၃၀၀၀ ကျော် လျော့နည်း တင်ပို့ခဲ့သော်လည်း တန်ဖိုးအနေဖြင့် ဒေါ်လာ ၄၄ ဒသမ ၃၂၃ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံမှပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၇၀၀ ဒသမ ၁၃ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ဆန်တန်ချိန် ၁၄ သန်းအထိထွက်ရှိပြီး ပြည်တွင်းစားသုံးမှုအနေဖြင့် ဆန်တန်ချိန် ၁၁ သန်းဝန်းကျင်သာရှိကြောင်း နှစ်စဉ်ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းဝန်းကျင်ကိုသာ တင်ပို့နေခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

Source: https://news-eleven.com/article/284219

## မိုဇမ်ဘစ်နှင့်ရေးထိုးထားသည့် ပဲစင်းငုံရောင်းဝယ်မှုသဘောတူညီချက်ကို အိန္ဒိယရုပ်သိမ်းဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံကုန်သည်လုပ်ငန်းရှင်များက ဝန်ကြီးချုပ်ရုံးသို့ အရေးဆိုတင်ပြခဲ့ပြီးနောက် အစိုးရအနေဖြင့် မိုဇမ်ဘစ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသော ပဲစင်းငုံတန်ချိန် ၂ သိန်း နှစ်စဉ်ဝယ်ယူတင်သွင်းရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို ပြန်လည်ရုပ်သိမ်းဖွယ်ရှိကြောင်း Economic Times သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။ မိုဇမ်ဘစ်နိုင်ငံ၌ အဂတိလိုက်စားမှုပြဿနာရပ်များ ပေါ်ပေါက်မှုနှင့်အတူ ပဲစင်းငုံများအား ပုံမှန်ပေးသွင်းတင်ပို့နိုင်မှုမရှိသည့် အခြေအနေဖြစ်ပေါ်လျက်ရှိရာ အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါ နားလည်မှုစာချွန်လွှာကို ပယ်ဖျက်ရေး စဉ်းစားရန်မှတပါး အခြားရွေးချယ်စရာမရှိတော့ဟု အမည်ဖော်ပြလိုခြင်းမရှိသော အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ၏ ဥက္ကဋ္ဌဖြစ်သူ Bimal Kothari က မိုဇမ်ဘစ်နိုင်ငံ၌ စာရိတ္တပျက်ပြားသော အရာရှိအချို့သည် မိုဇမ်ဘစ်မှ အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံများ တင်ပို့သည့်လုပ်ငန်းအား ပို့ကုန်လုပ်ငန်းရှင် တစ်ဦးတည်းကသာချုပ်ကိုင်နိုင်စေရန် ပူးပေါင်းလုပ်ဆောင်လျက်ရှိပုံကို ဝန်ကြီးချုပ်ရုံးသို့ စာရေးသားပေးပို့တင်ပြခဲ့ကြောင်း၊ အဆိုပါ အကျင့်ပျက်အရာရှိများနှင့် လက်ဝါးကြီးအုပ်ထားသည့် ပို့ကုန်လုပ်ငန်းရှင်၏ စျေးကစားလုပ်ကိုင်မှုက ပဲစင်းငုံစျေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်းဖြင့် ပြောဆိုသည်။

ပဲစင်းငုံများ တင်ပို့မှုမရှိသည့် အရေးကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရသည် မိုဇမ်ဘစ်အစိုးရ၏ ကိုယ်စားလှယ်များထံ အကြိမ်ကြိမ် သတိပေးပြောကြားခဲ့သော်လည်း ပြဿနာအား ဖြေရှင်းနိုင်မှုမရှိခဲ့ကြောင်း၊ မိုဇမ်ဘစ်နိုင်ငံ၌ ပဲစင်းငုံကို အိန္ဒိယနိုင်ငံ၏ ပြည်တွင်းစျေးကွက် လိုအပ်ချက်အား ဖြည့်ဆည်းရန်အတွက်သာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး အခြားသော အဓိက ဝယ်လက်နိုင်ငံမရှိကြောင်း၊ ယင်းနိုင်ငံ၏ ဆိပ်ကမ်း၌ ပဲစင်းငုံပမာဏ အမြောက်အမြားစုပုံထားရှိခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ ပဲတင်သွင်းသူများက အရေးဆိုခဲ့ကြခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ ကာနာတကာ၊ အန္တရာပရာဒေ့ရှ်၊ တဲလန်ဂါနာ စသည့် မိုးကောင်းသောက် ပဲစင်းငုံစိုက်ပျိုးရာပြည်နယ်များတွင် ၂၀၂၂-၂၃ ခုနှစ် စိုက်ပျိုးရာသီအတွင်း မုတ်သုံမိုးရွာသွန်းမှု ပုံပျက်ယွင်းခြင်းနှင့် သီးနှံရောဂါကျရောက်ခြင်းကြောင့် ယခုနှစ် ပဲစင်းငုံစျေးနှုန်းများမှာ မြင့်တက်ခဲ့ကြောင်း၊ လက်ရှိကာလ၌ ကာနာတကာ ပြည်နယ်ရှိ Koppal နှင့် Gulbarga ဒေသများမှ ပဲစင်းငုံများ စတင်ရိတ်သိမ်းထွက်ရှိလာပြီဖြစ်၍ စျေးနှုန်းများ ကျဆင်းစပြုလာပြီဖြစ်ကြောင်း Economic Times သတင်းဌာနက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲတီစိမ်းတို့၏ စျေးနှုန်းများ ထူးကဲစွာမြင့်မားမှုကြောင့် နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ပဲမျိုးစုံအုပ်စု၏ စျေးနှုန်းဖောင်းပွမှု မှာ ၁၈ ဒသမ ၇၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

Source: Economic Times, 23 Nov 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_01122023_155

## အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီများ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုကျဆင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုမှာ တိုးတက်မှုရှိခဲ့သော်လည်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံစျေးကွက်များသို့ တင်ပို့နိုင်မှုမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ စားအုန်းဆီ တန်ချိန် ၇၈၁၀၀၀ တန်သာ တင်ပို့ခဲ့ရာ သြဂုတ်လ၌ တင်ပို့နိုင်မှု တန်ချိန် ၉၂၀၀၀၀ အပေါ် ၁၅ ဒသမ ၁၁ ရာခိုင်နှုန်းလျော့ကျခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Gapki) က ၂၁-၁၁-၂၀၂၃ နေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. Mukti Sardjono က အိန္ဒိယနိုင်ငံသို့ စားအုန်းဆီတင်ပို့မှုသည် သြဂုတ်လတွင် တန်ချိန် ၇၄၄၀၀၀ ရှိခဲ့ရာမှ စက်တင်ဘာလ၌ တန်ချိန် ၃၅၂၀၀၀ သာရှိပြီး တင်ပို့မှုကျဆင်းသွားခဲ့ကြောင်း၊ တစ်နည်းအားဖြင့် သြဂုတ်လတင်ပို့မှု ပမာဏ၏ တစ်ဝက်မျှသာရှိကြောင်း ပြောဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် စက်တင်ဘာလတွင် စုစုပေါင်းတန်ချိန် ၂ ဒသမ ၆၉ သန်းခန့်ရှိခဲ့ပြီး သြဂုတ်လတွင် တန်ချိန် ၂ ဒသမ ၀၇ သန်းသာ တင်ပို့မှုရှိခဲ့သည့်အတွက် ၂၉ ဒသမ ၉ ရာခိုင်နှုန်းတိုးမြင့်လာခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလ စားအုန်းဆီတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁ ဘီလီယံရှိကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက ဖော်ပြသည်။

ပြုပြင်ပြီးစားအုန်းဆီကြမ်း (Processed CPO) တင်ပို့မှုသည် သြဂုတ်လတွင် တန်ချိန် ၁ ဒသမ ၂၅ သန်းခန့်ရှိရာမှ စက်တင်ဘာလ၌ တန်ချိန် ၁ ဒသမ ၉၇ သန်းအထိ မြင့်တက်လာခဲ့သည်။ အလားတူကာလအတွင်း စားအုန်းဆီကြမ်းတင်ပို့မှုမှာ တန်ချိန် ၃၁၇၀၀၀ ရှိခဲ့ရာမှ တန်ချိန် ၂၃၃၀၀၀ သို့ ကျဆင်းခဲ့ကြောင်း၊ Oleochemical တင်ပို့မှုသည် သြဂုတ်လ၌ တန်ချိန် ၄၁၆၀၀၀ ရှိရာမှ စက်တင်ဘာလတွင် တန်ချိန် ၃၃၃၀၀၀ သို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု တန်ဖိုးသည် ၂၀၂၂ ခုနှစ် တစ်နှစ်ပတ်လုံး၌ အမေရိကန် ဒေါ်လာ ၃၉ ဒသမ ၀၇ ဘီလီယံရှိခဲ့ပြီး ပမာဏအားဖြင့် တန်ချိန် ၃၃ ဒသမ ၉၃ သန်းအထိရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ပထမ ၉ လအတွင်း စားအုန်းဆီတင်ပို့မှုပမာဏ တန်ချိန် ၂၄ ဒသမ ၆ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၁ ဘီလီယံရှိကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်းက ဖော်ပြသည်။

ယခင်အစီရင်ခံစာများအရ တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ တင်ပို့မှု တန်ချိန် ၆ ဒသမ ၃၅ သန်း အထိ ရှိပြီး ပြီးခဲ့သည့်နှစ်တွင် ထိပ်တန်းဝယ်ယူသူအဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း၊ တရုတ်နိုင်ငံ၏နောက်တွင် အိန္ဒိယနိုင်ငံက

တန်ချိန် ၅ ဒသမ ၅၄ သန်းနှင့် ပါကစ္စတန်က တန်ချိန် ၂ ဒသမ ၈၃ သန်းဖြင့် အသီးသီး ရပ်တည်လျက်ရှိကြောင်းသိရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၀ ဘီလီယံနီးပါးရှိခဲ့ကြောင်းနှင့် အင်ဒိုနီးရှား-တရုတ် ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၄၄ ဘီလီယံရှိကြောင်း အင်ဒိုနီးရှား အစိုးရဌာနများ၏ အချက်အလက်များတွင် ဖော်ပြကြောင်း သိရှိရသည်။

Source: Jakarta Globe, 21 Nov 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_01122023_148

## ဗီယက်နမ် ပုစွန် ပြည်ပတင်ပို့မှု ကမ္ဘာ့ဒုတိယအများဆုံးအဆင့်သို့ ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် ပုစွန် ကမ္ဘာ့ဒုတိယအများဆုံး ပြည်ပသို့ တင်ပို့ရောင်းချသူဖြစ်လာပြီး ကမ္ဘာ့တန်ဖိုးစုစုပေါင်း၏ ၁၃ မှ ၁၄ ရာခိုင်နှုန်းအထိ ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများနှင့် နယ်မြေပိုင်နက်ပေါင်း ၁၀၀ ခန့်သို့ ပုစွန်များ တင်ပို့လျက်ရှိသည်ဟု စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလက်အောက်တွင် ငါးလုပ်ငန်းအထွေထွေ ဦးစီးဌာနမှ ပြောကြားသည်။

ဗီယက်နမ်ပုစွန် အများဆုံးတင်ပို့သည့် ဈေးကွက်ငါးခုမှာ ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားတို့ ဖြစ်ပါသည်။ ၂၀၁၀-၂၀၂၃ ကာလအတွင်း ဗီယက်နမ်နိုင်ငံတွင် ပုစွန်မွေးမြူသည့်ဧရိယာမှာ ဟက်တာ ၆၄၄,၀၀၀ မှ ၇၃၇,၀၀၀ ရှိသည်။ ဗီယက်နမ် အကောက်ခွန်၏ အဆိုအရ ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ် ပုစွန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံဖိုး ရှိခဲ့သည်။ Source Xinhua, Source: https://www.foodindustrydirectory.com.mm

Source: https://myantrade.gov.mm/article/naypyitaw_01122023_159

## ကတ္တရာထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ထိုင်းကုမ္ပဏီတစ်ခုဖြစ်သော Tipco Asphalt (Tasco) က ဗင်နီဇွဲလားနိုင်ငံမှ ရေနံစိမ်း ပြန်လည်ဝယ်ယူတင်သွင်းနိုင်ရေးဆွေးနွေး

ထိုင်းနိုင်ငံ စတော့အိတ်ချ်ချိန်းစာရင်းဝင် ကတ္တရာထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ထိုင်းကုမ္ပဏီတစ်ခု ဖြစ်သော Tipco Asphalt (Tasco) က ကုမ္ပဏီ၏ ကုန်ကြမ်းအကန့်အသတ်များကြောင့် ရေနံစိမ်းဈေးနှုန်းနိမ့်သည့် ဗင်နီဇွဲလားနိုင်ငံမှ ရေနံစိမ်း ပြန်လည်ဝယ်ယူတင်သွင်းနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ အမေရိကန်က လက်တင်အမေရိကန်နိုင်ငံများအပေါ် ကုန်သွယ်ရေး ပိတ်ဆို့မှုများကို ဖြေလျှော့လိုက်ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးက ဗင်နီဇွဲလားနိုင်ငံမှ ရေနံပို့ကုန်များအပေါ် ပိတ်ဆို့မှုကို ဖြေလျှော့ပေးသည့် အထွေထွေလိုင်စင်အမှတ် ၄၄ ကို အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့ကြောင်း၊ Tasco အနေဖြင့် ကတ္တရာ ထုတ်လုပ်ရေးအတွက် ကုန်ကြမ်းဖြစ်သော ရေနံစိမ်းကို အခြားနိုင်ငံများတွင် ဈေးနှုန်းမြင့်မားနေသဖြင့် ဈေးနိမ့်သော ဗင်နီဇွဲလားနိုင်ငံမှ ပမာဏများစွာ တင်သွင်းလိုကြောင်း၊ ရေနံစိမ်းဝယ်ယူရေးနှင့် စပ်လျဉ်း၍ ဗင်နီဇွဲလားအစိုးရပိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဖြစ်သော Petroleos de Venezuela SA နှင့် ဆက်သွယ်ခဲ့ကြောင်း Tasco ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr. Chaiwat Srivalwat က ပြောကြားခဲ့သည်။

ဝယ်ယူမည့်ဆီပမာဏကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါကြောင်း၊ ပိတ်ဆို့မှုမတိုင်ခင် ကာလများတွင် ကုမ္ပဏီ အနေဖြင့် တစ်နှစ်လျှင် ရေနံစိမ်းသင်္ဘော ၁၂ စီး တင်သွင်းခဲ့ကြောင်း၊ ဗင်နီဇွဲလားနိုင်ငံမှ မဝယ်ယူခဲ့သည်မှာ သုံးနှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်၍ ဆီအရည်အသွေးကို ဦးစွာစစ်ဆေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းသည် အကန့်အသတ်ရှိသဖြင့် ကတ္တရာ ထုတ်လုပ်ရန်အတွက် ရေနံစိမ်းလုံလောက်သောပမာဏကို ဝယ်ယူသွားမည်ဖြစ်ပြီး ဆီသန့်စင်သူများထံမှလည်း ကတ္တရာကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကတ္တရာကဏ္ဍ တိုးတက်မှုသည် ကပ်ရောဂါကာလမတိုင်မီအဆင့်သို့ မရောက်ရှိနိုင်သေးပါကြောင်း၊ အစိုးရ၏ အခြေခံ အဆောက်အအုံဖွံ့ဖြိုးမှု စီမံကိန်းများအပေါ်တွင် သုံးစွဲမှုနှောင့်နှေးနေသောကြောင့်ဖြစ်ကြောင်း၊ သို့သော်လာမည့်နှစ် ပထမ ၃ လ ပတ်အတွင်း တိုးတက်မှုရှိလာမည်ဟု မျှော်လင့်ရကြောင်း၊ နိုင်ငံတကာတွင်လည်း တရုတ်နှင့် ဗီယက်နမ်ဈေးကွက်များတွင် ကတ္တရာဈေးနိမ့်နေပါကြောင်း၊ ထိုင်းပြည်တွင်းဝယ်လိုအားကို တန်ချိန် ၄၀,၀၀၀ ခန့်မှန်းထားပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကတ္တရာရောင်းအားသည် တန်ချိန် ၂ သန်း ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၁၅ - ၁ ဒသမ ၂ သန်း ဖြစ်ကြောင်း၊ ယခုနှစ်တွင်

ပြည်တွင်း/ပြည်ပ ဝယ်လိုအား ကျဆင်း ခဲ့သောကြောင့် ဝင်ငွေ ဘတ် ၅ ဒသမ ၈၉ ဘီလီယံနှင့် အသားတင်အမြတ် ဘတ် ၂၀၂ သန်း ရှိကြောင်း Mr. Chaiwat က ဆက်လက်ပြောကြားခဲ့သည်။ Source: www.bangkokpost. gov၊
(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)
Source: https://myantrade.gov.mm/article/Naypyitawstp_211120230240

## ရုရှားရေနံတင်ပို့ခွန်ကို တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာသို့ လျှော့ချမည်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ရုရှားရေနံတင်ပို့မှုအခွန်ကို တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၇ သို့ လျှော့ချမည်ဖြစ်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါဝန်ကြီးဌာန၏တွက်ချက်မှုအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ရုရှားရေနံတင်ပို့ခွန်သည် တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာသို့ လျှော့ချမည်ဖြစ်ပြီး လက်ရှိ ရေနံတင်ပို့ခွန်မှာ တစ်တန်လျှင် ၂၆ ဒသမ ၂ ဒေါ်လာဖြစ်၍ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဝန်ကြီးဌာန၏အဆိုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စောင့်ကြည့် ကာလအတွင်း ရုရှား Urals ရေနံပျမ်းမျှဈေးနှုန်းမှာ တစ်စည်လျှင် ၇၉ ဒသမ ၂၃ ဒေါ်လာ သို့မဟုတ် တစ်တန်လျှင် ၅၇၈ ဒသမ ၄ ဒေါ်လာဖြစ်သည်။

ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ အပေါ့စားရေနံထွက်ပစ္စည်းနှင့် လောင်စာဆီတင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၇ ဒသမ ၄ ဒေါ်လာဖြစ်ကြောင်း၊ လေးလံသောရေနံထွက်ပစ္စည်းတင်ပို့မှုအတွက် အခွန် ပမာဏ မှာ တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာဖြစ်ကြောင်း၊ စီးပွားဖြစ်ဓာတ်ဆီတင်ပို့မှုအတွက် အခွန်ပမာဏမှာ ၇ ဒသမ ၄ ဒေါ်လာဖြစ်ကြောင်း၊ သန့်စင်ပြီး အခြေခံ ရေနံထွက်ပစ္စည်းတင်ပို့မှုအတွက် အခွန်ပမာဏမှာ ၁၃ ဒသမ ၅ ဒေါ်လာဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ရည်(LNG)တင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၂ ဒသမ ၅ ဒေါ်လာ မှ ၄ ဒသမ ၇ ဒေါ်လာသို့လည်းကောင်း၊ သန့်စင်သော LPG ဓာတ်ငွေ့ရည်တင်ပို့မှုအတွက် ၂ ဒသမ ၃ ဒေါ်လာမှ ၄ ဒသမ ၂ ဒေါ်လာ သို့ လည်းကောင်း တိုးမြင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ Source : https://ria.ru/20231115/neft-1909604174.html
(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)
Source: https://myantrade.gov.mm/article/STP(Yangon)-21112023-14:57

## ဗီယက်နမ်နိုင်ငံမှ ငှက်သိုက်များကို တရုတ်နိုင်ငံသို့ ပထမအကြိမ်အဖြစ် တင်ပို့မည်

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) သည် ဗီယက်နမ်ကုမ္ပဏီ တစ်ခုကို တရုတ်နိုင်ငံသို့ ငှက်သိုက်များတင်ပို့ရန် တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development -MARD) မှ မကြာသေးမီက ကြေညာခဲ့ကြောင်း သိရှိရသည်။

MARD ၏ တိရစ္ဆာန်ကျန်းမာရေးဌာန၏ အဆိုအရ ဗီယက်နမ်ကုမ္ပဏီ (၄၅) ခုသည် တရုတ်နိုင်ငံသို့ ငှက်သိုက်တင်ပို့ရန် မှတ်ပုံတင်ထားပြီး တရုတ်နိုင်ငံ၏ စစ်ဆေးရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး လိုအပ်ချက်များနှင့် ပြည့်စုံစေရန်အတွက် ဌာနမှ လမ်းညွှန်ချက်များပေးထားကြောင်း သိရှိရသည်။

အဆိုပါ ကုမ္ပဏီများအနက် ကုမ္ပဏီ (၉) ခုသည် ပို့ကုန်မှတ်ပုံတင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ အပြည့်အစုံဖြင့် GACC သို့တင်ပြခဲ့ရာ အဆိုပါလုပ်ငန်း (၉) ခုအနက်မှ (၅) ခုကို GACC က အွန်လိုင်းမှ စစ်ဆေးမှု များပြုလုပ်ခဲ့ပြီး Avanest Vietnam Nutrition JSC ကို ယခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံသို့ ငှက်သိုက်နှင့် အသင့်စား ငှက်သိုက် ထုတ်ကုန်များ တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

GACC သည် အခြားဗီယက်နမ်ကုမ္ပဏီများ၏ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်နေပြီး ရလဒ်များကို ဆက်လက်ကြေညာပေးမည်ဖြစ်ကြောင်း၊ MARD နှင့် GACC တို့သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ငှက်သိုက်အတွက် ရောဂါစစ်ဆေးခြင်းနှင့် တိရစ္ဆာန်ပိုးမွှားကင်းရှင်းခြင်း လိုအပ်ချက်ဆိုင်ရာ protocol ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်တွင် MARD နှင့် ၎င်းအောက်ရှိ တိရစ္ဆာန် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အဆိုပါ protocol အကောင်အထည်ဖော်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်ဟု ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phung Duc Tien က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ငှက်သိုက်လုပ်ငန်းများ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သိသိသာသာ မြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်မြို့ကြီး (၆၃) ခုအနက် (၄၂) ခုတွင် ငှက်သိုက်လုပ်ငန်းများ တည်ထောင်ခဲ့ကြောင်း MARD ၏ အချက်အလက်များအရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်တွင် ငှက်သိုက်ခြံ (၂၃,၆၆၅) ခြံရှိကြောင်းသိရှိရပြီး ၂၀၁၇ ခုနှစ် ကိန်းဂဏန်းနှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း Kien Giang ပြည်နယ်၊ တောင်အလယ်ပိုင်း Khanh Hoa ပြည်နယ်နှင့် Central Highlands ရှိ Lam Dong ခရိုင်တို့၌ ငှက်သိုက်ခြံများ သိသိသာသာ တိုးလာခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ငှက်သိုက်ခြံများသည် တစ်နှစ်လျှင် ငှက်သိုက်စုစုပေါင်း မက်ထရစ်တန် (၂၀၀) ခန့်ထွက်ရှိကာ အမေရိကန်ဒေါ်လာသန်း (၂၀၀) ခန့် တန်ဖိုးရှိကြောင်း သိရှိရသည်။

Source: https://tuoitrenews.vn/news/business/20231111/vietnam-to-ship-1st-batch-of-birds-nests-to-china-next-week/76677.html , (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_211120231040

## ထိုင်းနိုင်ငံတွင် သကြားဈေးတိုးမြှင့်ပြီးနောက် သကြားဈေးကွက်ပုံမှန်အတိုင်းရှိစေရေး ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ဆောင်ရွက်

သန့်စင်ပြီးသကြားဈေးကွက်အတွက် သကြားလုံလုံလောက်လောက်ထောက်ပံ့ပေးမည်ဟု ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပါကြောင်း၊ သကြားဈေးနှုန်းကို ၂ ဘတ် တိုးမြှင့်သည့် အစိုးရအဖွဲ့ အစည်းအဝေးပြီးနောက် စားသုံးသူများက ပမာဏများစွာ ဝယ်ယူကြသဖြင့် ပထမ ၂ ရက်တွင် ရောင်းလိုအားတွင် တင်းကျပ်နိုင်ပါကြောင်း ထိုင်းနိုင်ငံ၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် နှစ်စဉ် သန့်စင်ပြီး သကြားတန်ချိန် ၈ သန်း ထုတ်လုပ်ပြီး ပြည်တွင်း၌ တန်ချိန် ၂ ဒသမ ၅ သန်း စားသုံးကာ ကျန်ပမာဏကို ပြည်ပသို့တင်ပို့လျက်ရှိကြောင်း၊ ကြံနှင့်သကြားဘုတ်အဖွဲ့ရုံးအား သကြားသန့်စင်စက်ရုံများနှင့် ပူးပေါင်း၍ သကြားပေးပို့မှုကိုပြန်လည်သုံးသပ်ရန် ဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း၊ ပေးပို့မှုများသည် ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိသည့် အတည်ပြုချက်ကို ဝန်ကြီးဌာနက လက်ခံရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်းသကြား ဈေးကွက်ကို စောင့်ကြည့်ရန် စောင့်ကြည့်အဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စတိုးဆိုင်များက သန့်စင်ပြီးသကြား ပြတ်လပ်မှုကို ကြုံတွေ့ရပါက သကြားစက်ရုံများသို့ ချိတ်ဆက်၍ပေးပို့ပေးရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဦးစီးဌာနသို့ ဆက်သွယ်ရန်လိုအပ်ကြောင်း၊ စက်ရုံများ၊ စတိုးဆိုင်များနှင့် ဈေးဆိုင်များက သန့်စင်ပြီးသကြားသိုလှောင်ထားသည်ကို စစ်ဆေးတွေ့ရှိပါက ဥပဒေအရ ချက်ချင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများ အက်ဥပဒေ၊ အခန်း ၃၀ အရ သိုလှောင်ခြင်းအတွက် ဒဏ်ကြေးမှာ ထောင်ဒဏ် ၅ နှစ် သို့မဟုတ် ဘတ် ၁၄၀,၀၀၀ ထက်မပိုသော ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်နှင့် ဒဏ်ငွေ ၂ ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း၊ အမြတ်ထုတ်ခြင်းနှင့် ဈေးနှုန်း တင်ရောင်းခြင်းကို စစ်ဆေးတွေ့ရှိပါက ဥပဒေ အခန်း ၂၉ အရ အမြင့်ဆုံး ပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၇ နှစ် သို့မဟုတ် ငွေဒဏ် ၁၄၀,၀၀၀ သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ် ၂ ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း Mr. Wattanasak က ရှင်းလင်း ပြောကြားခဲ့သည်။

သကြားဈေးနှုန်း မြင့်တက်ခြင်းနှင့်စပ်လျဉ်း၍ သန့်စင်ပြီးသကြားကို အစားအစာနှင့်အဖျော်ယမကာများတွင် ပါဝင်ပစ္စည်းအနေဖြင့် အသုံးပြုလျက်ရှိသော လုပ်ငန်းရှင်မည်သူတစ်ဦးတစ်ယောက်မျှ ဈေးနှုန်းညှိနှိုင်းပေးရန် အသနားခံစာ တင်ပြလာခြင်းမရှိပါကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် စားသုံးသူများ၏ ဝယ်ယူမှုစွမ်းအား ထိခိုက်စေမည်ကို စိုးရိမ်သဖြင့် လုပ်ငန်းရှင်များက ၎င်းတို့၏ ကုန်ပစ္စည်းဈေးနှုန်းများကို ကန့်သတ်ရန် ကြိုးပမ်းနေသည်ဟု ဌာနအနေဖြင့် ယုံကြည်ပါ ကြောင်း၊ အစိုးရနှင့် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သည် လူနေမှုစရိတ်သက်သာစေရန် ဤကာလအတွင်းဈေးနှုန်း တည်ငြိမ်ရေးလိုလားပါကြောင်း Mr. Wattanasak က ပြောကြားခဲ့သည်။

Source: www.bangkokpost. gov၊

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_211120231000

## ၂၀၂၂-၂၀၂၃ ခုနှစ်၌ ကမ္ဘာ့ကော်ဖီထွက်ရှိမှုမှာ စားသုံးမှုကိုဖြည့်ဆည်းရန် လိုအပ်ချက်ဖြစ်ပေါ်ခဲ့

ကမ္ဘာ့ကော်ဖီစေ့ ထုတ်လုပ်မှုမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကုန်ဆုံးခဲ့သည့် ၂၀၂၂-၂၀၂၃ သီးနှံရာသီ၌ ဝယ်လိုအားအပေါ် ဖြည့်ဆည်းပေးရန်အတွက် ၆၀ ကီလိုဂရမ်ဝင် အိတ်ပေါင်း ၇ ဒသမ ၃ သန်းခန့် လိုအပ်ချက်ဖြစ်ပေါ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ကခန့်မှန်းထားသည်။ အဆိုပါအဖွဲ့က အောက်တိုဘာလ၌ နောက်ဆုံးထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုမှာ ၂၀၂၁-၂၀၂၂ သီးနှံရာသီ၌ ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းလျက် အိတ်ပေါင်း ၁၆၈ ဒသမ ၅ သန်းသာရှိရာမှ ၂၀၂၂-၂၀၂၃ သီးနှံရာသီတွင် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ပြီး အိတ်ပေါင်း ၁၇၁ ဒသမ ၃ သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်း ဖော်ပြထားသည်။

ကမ္ဘာ့ကော်ဖီစားသုံးမှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ်၌ ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လျက် အိတ်ပေါင်း ၁၇၅ ဒသမ ၆ သန်းရှိရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းဆက်လက်တိုးတက်ပြီး ကော်ဖီအိတ်ပေါင်း ၁၇၈ ဒသမ ၅ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ စားသုံးမှုနှင့် ထုတ်လုပ်မှုအခြေအနေများအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ကော်ဖီစေ့ပြတ်လပ်မှုမှာ အိတ်ပေါင်း ၇ ဒသမ ၃ သန်းခန့်ရှိမည် ဖြစ်သည်။ ကမ္ဘာ့ကော်ဖီစေ့တင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ် ရောင်းဝယ်ရေးရာသီတွင် အိတ်ပေါင်း ၁၁၇ ဒသမ ၂၈ သန်းရှိရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ကော်ဖီအိတ်ပေါင်း ၁၁၀ ဒသမ ၈၁ သန်းသာ တင်ပို့နိုင်ခဲ့ကြောင်း၊ အခြားအာရေးဘီးကာအုပ်စုဝင် ကော်ဖီစေ့တင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ်၌ အိတ်ပေါင်း ၂၅ ဒသမ ၁၆ သန်းရှိရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၂ ဒသမ ၁ ရာခိုင်နှုန်းလျော့နည်းလျက် အိတ်ပေါင်း ၂၂ ဒသမ ၁၁ သန်းသို့ ကျဆင်းခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့ကပြောကြားခဲ့သည်။

ကိုလံဘီယာအုပ်စုဝင် အာရေးဘီးကာကော်ဖီတင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အိတ်ပေါင်း ၁၂ ဒသမ ၁၄ သန်းတင်ပို့နိုင်ခဲ့ရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်၌ ကော်ဖီအိတ်ပေါင်း ၁၀ ဒသမ ၇၇ သန်းသို့လျော့နည်း တင်ပို့ခဲ့သဖြင့် ၁၁ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့သည်။ ရိုဘတ်စတာကော်ဖီတင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကော်ဖီအိတ်ပေါင်း ၄၂ ဒသမ ၆၆ သန်း တင်ပို့ခဲ့ရာမှ ၂၀၂၂-၂၀၂၃ ခုနှစ်၌ အိတ်ပေါင်း ၄၃ ဒသမ ၇၆ သန်း တင်ပို့ခဲ့သဖြင့် ၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့က ပျော်ဝင်ကော်ဖီ (soluble coffee) တင်ပို့မှုမှာ ၂၀၂၂-၂၀၂၃ နှစ်တွင် အိတ်ပေါင်း ၁၁ ဒသမ ၄၇ သန်းရှိပြီး ယခင်နှစ်တင်ပို့မှုအောက် ၅ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ သို့သော် ကော်ဖီတင်ပို့မှုစုစုပေါင်း၌ ဈေးကွက်ဝေစုပါဝင်မှုမှာ ယခင်နှစ်နှင့် အလားတူ ၉ ဒသမ ၃ ရာခိုင်နှုန်း ရှိကြောင်း၊ လှော်ထားသောကော်ဖီ (roasted coffee) တင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် တင်ပို့နိုင်ခဲ့သော ကော်ဖီအိတ်ပေါင်း သုည ဒသမ ၈၄ သန်းအောက် ၁၆ ရာခိုင်နှုန်း ကျဆင်းလျက် အိတ်ရေ သုည ဒသမ ၇၁ သန်း သာရှိကြောင်းဖော်ပြသည်။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် တောင်အမေရိကကော်ဖီတင်ပို့မှုမှာ ယခင်နှစ်အောက် ၁၁ ရာခိုင်နှုန်းကျဆင်းပြီး အိတ်ပေါင်း ၅၀ ဒသမ ၅၉ သန်း၊ အာဖရိကမှ ကော်ဖီတင်ပို့မှုမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းလျော့ကျလျက် အိတ်ပေါင်း ၁၃ ဒသမ ၅၃ သန်း၊ မက္ကဆီကိုနှင့် အမေရိကအလယ်ပိုင်းတို့၏ ကော်ဖီတင်ပို့မှုမှာ ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး အိတ်ပေါင်း ၁၅ ဒသမ ၃ သန်း၊ အာရှနှင့် သမုဒ္ဒရာပိုင်းနိုင်ငံများ၏တင်ပို့မှုမှာ သုည ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းပြီး ကော်ဖီအိတ်ပေါင်း ၄၃ ဒသမ ၅၆ သန်း အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့၏ ပေါင်းစပ်အညွှန်းကိန်း ဈေးနှုန်း (ICO Composite Indicator Price I-CIP) သည် ပျမ်းမျှအားဖြင့် အောက်တိုဘာလတွင် ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၉၄ ရှိသဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလဈေးနှုန်းအောက် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ I-CIP မှ ထုတ်ပြန်သော အလယ်အလတ်တန်ဖိုးမှာ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၅၈ ရှိပြီး ဈေးနှုန်း အတက်အကျ ပြောင်းလဲမှုသည် တစ်ပေါင်လျှင် ၁ ဒသမ ၄၅၉၉ ဒေါ်လာ နှင့် ၁ ဒသမ ၆၀၀၉ ဒေါ်လာအကြား ရှိကြောင်း၊ I-CIP ၏ တစ်နေ့တာအတွင်း ဈေးနှုန်းလှုပ်ခတ်မှုမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလ အတွင်း ၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အကျလမ်းကြောင်းပေါ်တွင် တည်ငြိမ်နေခဲ့ကြောင်း သိရှိသည်။ Source: The Hindu Business Line, 13 Nov 2023(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)၊ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_22112023_403

## ၂၀၂၃-၂၄ ကြံစိုက်ပျိုးရာသီတွင် ကြံဈေးနှုန်း တိုးမြှင့်ပေးရန် ထိုင်းနိုင်ငံ ကြံစိုက်တောင်သူများက တောင်းဆို

၂၀၂၃-၂၄ ကြံစိုက်ပျိုးရာသီတွင် ကြံ တစ်တန်လျှင် ၁,၄၀၀ ဘတ်ထားပေးရန် ကြံစိုက်တောင်သူများက အစိုးရကို တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ကြံနှင့်သကြားဘုတ်အဖွဲ့ရုံး၏ ကနဦးတွက်ချက်မှုအရ ကြံတစ်တန်လျှင် ၁,၃၇၀ ဘတ် ဖြစ်ကြောင်း တောင်သူကိုယ်စားလှယ်ဖြစ်သူ Mr. Verasak Kwanmuang ကပြောကြားခဲ့သည်။

တွက်ချက်မှုတွင် အစိုးရအဖွဲ့၏ သကြားစက်ရုံထုတ်ဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် ၂ ဘတ် တိုးမြှင့်ခြင်း အပါအဝင် အချက်အလက်များစွာပေါ် အခြေခံထားကြောင်း၊ ဘုတ်အဖွဲ့က ဈေးနှုန်းနှင့်စပ်လျဉ်း၍ အများ၏ အကြံပြုချက်မတောင်းမီ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာသီသစ်အတွက် ကြံဈေးနှုန်းနှင့် စပ်လျဉ်း၍ ဒီဇင်ဘာလ ၉ ရက်နေ့တွင် အပြီးသတ်ပြောကြားမည်ဖြစ် ကြောင်း Mr. Verasak က ဆက်လက်ပြောကြားခဲ့သည်။

ကြံ တစ်တန်ဈေးနှုန်းကို ၁,၃၇၀ ဘတ်မှ ၁,၄၀၀ ဘတ်သို့ တိုးမြှင့်ပေးရန် ဘုတ်အဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ကြံစိုက်ပျိုးသည့် ဇုန် ၉ ဇုန်ရှိပြီး ၁,၃၇၀ ဘတ်နှင့် ကိုက်ညီသည့်နေရာ ၂ နေရာ သာရှိကြောင်း ကြံစိုက်ပျိုးသူများအသင်းချုပ်ခေါင်းဆောင် Mr. Narathip Anantasuk က ဖြည့်စွက်ပြောကြားခဲ့သည်။

အချိုဓာတ်အဆင့် ၁၀ ရှိသော စီးပွားဖြစ်ကြံအတွက် ဈေးနှုန်းကို ၁,၃၇၀ ဘတ် သတ်မှတ်ထားပါကြောင်း၊ ၂၀၂၃-၂၄ စိုက်ပျိုးရာသီတွင် ကြံထွက်ရှိမှုကို တန်ချိန် ၈၂ ဒသမ ၄ သန်း ခန့်မှန်းထားပါကြောင်း၊ ကြံ တစ်ချောင်းလျှင် သကြား ၁၁၃ ဒသမ ၂၅ ဂရမ်ထွက်ရှိကြောင်း၊ ပြည်တွင်း သကြားစားသုံးမှုသည် တန်ချိန် ၂ ဒသမ ၅၇ သန်း ဖြစ်ကြောင်း၊ သကြားပို့ကုန်သည် တစ်ပေါင်လျှင် ၂၆ ဒသမ ၄၇ ဆင့် ဖြစ်ပါကြောင်း၊ စက်ရုံထုတ် သကြားဈေးနှုန်း ၂ ဘတ်တိုးမြှင့်လိုက်ခြင်းသည် သန့်စင်ပြီး သကြားဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် ၂၁ ဒသမ ၂၂ ဘတ် ဖြစ်စေကြောင်း၊ တွက်ချက်မှုများအရ ကြံတစ်တန်လျှင် ပျမ်းမျှ ၁,၅၀၅ ဒသမ ၂၅ ဘတ် ဖြစ်ကြောင်း၊ ဥပဒေအရ ကြံဈေးနှုန်းသည် တွက်ချက်ဈေးနှုန်း၏ ၉၅ ရာခိုင်နှုန်းဖြစ်သဖြင့် ၁,၃၇၀ ဘတ်ဖြစ်ကြောင်း Mr. Verasak က ဆက်လက်ပြောကြားခဲ့သည်။ Source: www.bangkokpost. gov၊

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_241120231240

## စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု

စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (The Maritime and Port Authority of Singapore) သည် ဒီဂျစ်တယ်ကဏ္ဍ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးသည်တို့တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ ဒေသတွင်းပင်လယ်ရေစီးကြောင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (The Maritime and Port Authority of Singapore) က သတင်းထုတ်ပြန်ခဲ့သည်။

စင်ကာပူနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် Shanghai Municipal Transportation Commission၊ Tianjin port and shipping Authority (TPSA) နှင့် China Calssification Society (CCS) တို့နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် Shanghai Municipal Transportation Commission နှင့် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာသည် ပင်လယ်ရေကြောင်းမူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းနှင့် သုတေသနတို့တွင် သတင်းအချက်အလက်များ ဖလှယ်ခြင်းမှတစ်ဆင့် အပြန်အလှန် လေ့လာသင်ယူနိုင်ရန်၊ ဆိပ်ကမ်းနှင့် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒီဂျစ်တယ်ကဏ္ဍ၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနည်းလမ်းများ တိုးတက်စေရန် ရည်ရွယ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် China Classification Society (CCS) နှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာအရ ပင်လယ်ကူးသင်္ဘောများအတွက် ကာဗွန်ထုတ်လွှတ်မှုမရှိသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုမရှိသလောက်နည်းပါးသည့် လောင်စာဆီနှင့် Marine Battery Technology တို့ကို အသုံးပြုခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း၊ ပင်လယ်ရေကြောင်းလုပ်ငန်းစတင်ဆောင်ရွက်သူများ၊ စက်မှုလုပ်ငန်းများ၊ သုတေသနပညာရှင်များနှင့် Smart Ships Technology ကို ပူးပေါင်းဆန်းသစ်တီထွင်ခြင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ ပညာသင်အစီအစဉ်များ၊ အလုပ်သင်အစီအစဉ်များမှတစ်ဆင့် ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းရည်များနှင့် သင်တန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် Tianjin Port and Shipping Authority (TPSA) နှင့် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ပင်လယ်ရေကြောင်း ဒီဂျစ်တယ်စနစ်နှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာသင်တန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်ထုံးလုပ်နည်းမူဘောင်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် နယ်ပယ်များအလိုက် အတွေ့အကြုံများနှင့် သတင်းအချက်အလက်များ

ဖလှယ်ကြမည်ဖြစ်သည်။ ထို့ပြင်ပင်လယ်ရေကြောင်း သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုများ၊ ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းဆောင်ရည်များဖလှယ်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုရှာဖွေသွားမည်ဖြစ်သည်။

ရင်းမြစ်။ The Maritime and Port Authority of Singapore

Source: စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူ

## အိန္ဒိယက သကြားပြန်လည်တင်ပို့ရန်စီစဉ်မှုကြောင့် ယူအေအီးတွင်သကြားဈေး ကျဆင်းသွား

ခြောက်သွေ့သောရာသီဥတုကြောင့် အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့တွင် ရိတ်သိမ်းမှုများပျက်စီးပြီးနောက် ထောက်ပံ့မှုများ နည်းပါးခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းတွင် သကြားဈေးသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကမ္ဘာ့ကုန်ဈေးနှုန်းများမြင့်တက်မှုကြောင့် ယူအေအီးနိုင်ငံတွင် သကြားဈေးနှုန်းသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း ရှစ်ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။

သို့သော်လည်း သမဝါယမအသင်းများမှ ကမ္ဘာ့ပို့ကုန်ဈေးကွက်ကိုသိရှိပြီး ထုတ်ကုန်များထုတ်လုပ်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီရန်အတွက် ပံ့ပိုးကူညီရန် ထူထောင်ထားရှိသော National Cooperative for Exports Ltd(NCEL)အသင်းမှ အိန္ဒိယသကြားကိုတင်ပို့ရန် စီစဉ်ထားသည့်အတွက် မကြာခင် ယူအေအီးတွင် သကြားဈေးနှုန်းကျဆင်းသွားရန် မျှော်မှန်းထားကြောင်း အဆိုပါသတင်းဌာနမှ ဖော်ပြထားသည်။

အိန္ဒိယသည် ပြည်တွင်းဈေးနှုန်းများကိုထိန်းသိမ်းထားနိုင်ရန် သကြားတင်ပို့မှုကို တားမြစ်ခဲ့သည်။ သို့သော်လည်း ဥရောပသမဂ္ဂနှင့်အမေရိကန်တို့အား တင်ပို့ရောင်းချရာတွင် ဤပိတ်ပင်မှုအပေါ် သက်ရောက်မှုမရှိပါ။ ဤ NCEL ယန္တရားသစ်အရ အိန္ဒိယအစိုးရသည် တောင်သူများနှင့် တိုက်ရိုက်ဆက်ဆံပြီး ကုန်ပစ္စည်းများ တင်ပို့ကာ အလယ်အလတ်စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်ကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ အိန္ဒိယ နိုင်ငံသည် ၎င်း၏ သကြားကို တင်ပို့နိုင်သည့် NCEL လက်အောက်ရှိ နိုင်ငံများစာရင်းတွင် ယူအေအီးနိုင်ငံကိုလည်း ထည့်သွင်းနိုင်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ Al Adil Trading ၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး Dr. Dhananjay Datar က လက်ရှိဈေးကွက်တွင် ရောင်းချနေသောကုန်စည်များကို ဘရာဇီးနိုင်ငံမှအဓိကတင်သွင်းကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်လအတွင်း ပြည်တွင်းသကြားဈေး ရှစ်ရာခိုင်နှုန်းတက်လာကြောင်း၊ သို့သော်လည်း အိန္ဒိယမှ သကြားများ ပြည်တွင်းဈေးကွက်သို့ရောက်လာသည်နှင့် ဈေးကျသွားမည်ဖြစ်ကြောင်း Dr. Datar က တနင်္လာနေ့ က အင်တာဗျူးတစ်ခုတွင် Khaleej Times သို့ ပြောကြားခဲ့သည်။

ပုံမှန်မဟုတ်ဘဲခြောက်သွေ့သော ရာသီဥတုကြောင့် ကောက်ပဲသီးနှံများပျက်စီးခဲ့ရပြီး ကမ္ဘာ့ဒုတိယနှင့် တတိယအကြီးဆုံးသကြားတင်ပို့သူ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့က အထောက်အပံ့များနည်းပါးခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းရှိ သကြားဈေးသည် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ် ဖြစ်နေခဲ့သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကလည်း ၂၀၂၃-၂၄ တွင် ကမ္ဘာ့သကြားထုတ်လုပ်မှု ၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သတိပေးခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃ ဒသမ ၅ သန်းခန့်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

Al Maya Group မှ အဖွဲ့ဒါရိုက်တာ Kamal Vachani က ယူအေအီးသည် အစဉ်အလာအားဖြင့် ဘရာဇီး၊ အိန္ဒိယ၊ ထိုင်းနှင့် ဥရောပ၏ အချို့နေရာများမှ သကြားများကို တင်သွင်းနေသည်ဟုဆိုသည်။ အဆိုပါနိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ကုန်သွယ်မှုဆက်ဆံရေးကောင်းမွန်မှုကြောင့် ၎င်းဒေသများမှာ ယူအေအီးနိုင်ငံသို့ သကြား အဆက်မပြတ် ထောက်ပံ့ပေးနိုင်ခြင်းဖြစ်ပြီး လက်ရှိအခြေအနေအရ မက္ကဆီကို၊ ဩစတြေးလျနှင့် အာဖရိကနိုင်ငံ အချို့၏ သကြားထုတ်လုပ်မှုများကို အခါအားလျော်စွာတိုးမြင့်လာသည့် အချိန်အတိုင်းအတာ တစ်ခုအထိ တင်သွင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Vachani က ယူအေအီးနိုင်ငံသည် သကြားဈေးကွက်နှင့်ပတ်သက်လျှင် သက်တောင့်သက်သာ အနေ အထားတွင်ရှိကြောင်း ပြောကြားခဲ့သည်။

ထိုင်းနှင့်ဂျာမနီတို့သည် သကြားတင်သွင်းရန်အခြားဈေးကွက်များဖြစ်ကြောင်း ဒေါက်တာ Datar က ဆက်လက် ပြောကြားခဲ့သည်။ အရင်းအမြစ်။ khaeejtimes.com, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-24112023-11:49

## ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင်ပြုလုပ်မည့် World of Coffee Dubai 2024 တွင် ကော်ဖီကဏ္ဍတွင် မိတ်ဖက်များမြင့်တင်ရန်နှင့် အမျိုးမျိုးသောလှုပ်ရှားမှုများ၊ အစီအစဉ်များကို ပြသသွားမည်

ကော်ဖီလုပ်ငန်းကဏ္ဍ၏ အမျှော်လင့်ဆုံးဖြစ်ရပ်များထဲမှတစ်ခုဖြစ်သည့် World of Coffee Dubai 2024 ကို Dubai World Trade Centre ၏ ပူးပေါင်းစီမံမှုနှင့် အတွေ့အကြုံဆိုင်ရာ အေဂျင်စီဖြစ်သော DXB Live မှ စီစဉ်ပြီး တိုးပွားလာသော

ကော်ဖီလုပ်ငန်းကဏ္ဍတွင် ပြပွဲပြသသူများနှင့် ဧည့်သည်များအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် အခွင့်အလမ်းများကိုရှာဖွေရန် ရည်ရွယ်ပြီး ကျယ်ပြန့်သော အထူးလုပ်ရှားမှုများကို ပြသသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ရက်အထိကျင်းပမည့် ပြပွဲ၏အစီအစဉ်များတွင် Roaster Village ၊ Cup Room နှင့် Brew Bar စသည့်အစီအစဉ်များစွာ ပါဝင်ပါသည်။ ထို့ပြင် ပြပွဲတွင် ဆွေးနွေးပွဲများ၊ ရေရှည်တည်တံ့မှုဆိုင်ရာ အထူးပြုအလုပ်ရုံဆွေးနွေးပွဲများ၊ အရင်းအမြစ်များကိုအသုံးချခြင်းအတွက် အကောင်းဆုံးအလေ့အကျင့်များနှင့် ရေရှည်တည်တံ့သောပဏာမခြေလှမ်းများကို ဖော်ပြသည့်နယ်ပယ်များတွင် ရေရှည်တည်တံ့သောအလေ့အကျင့်များကို မြှင့်တင်ခြင်း၏အရေးပါမှုကို အာရုံစိုက်နိုင်ရန်ဆွေးနွေးပွဲများ၊ အထူးပြုအလုပ်ရုံဆွေးနွေးပွဲများဖြင့် နိုင်ငံတကာကော်ဖီအသိုက်အဝန်း၏ တာဝန်ယူထုတ်လုပ်မှုကတိကဝတ်များကို ပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် ဒေသတွင်းဈေးကွက်ချဲ့ထွင်လိုသော ထိပ်တန်းအမှတ်တံဆိပ်များနှင့် ကျော်ကြားသော ကော်ဖီအမှတ်တံဆိပ်များ၏ လုပ်ငန်းခွဲများတည်ထောင်ရန် စိတ်ဝင်စားသော ရင်းနှီးမြှုပ်နှံသူများကို စုစည်းပေးမည့် Franchise Village ကဲ့သို့သောပြပွဲအသစ်များ၏မိတ်ဆက်ပွဲအတွက် စင်မြင့်တစ်ခုလည်းဖြစ်လာမည်ဖြစ်ပြီး အဆိုပါလမ်းကြောင်းသည် တိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခွင့်အလမ်းများကိုရှာဖွေရန် အဓိကပွဲတစ်ခုအနေဖြင့် ကမ္ဘာ့ကော်ဖီလုပ်ငန်းကဏ္ဍ၏အနေအထားကို အားဖြည့်ပေးသွားမည်ဖြစ်သည်။

ပြပွဲ၏အင်္ဂါရပ်များနှင့် အစီအစဉ်များအနက်၊ ဝယ်သူများအစီအစဉ်နှင့် ဝယ်သူများသည် ကော်ဖီစိုက်ပျိုးသူများ၊ ကော်ဖီကုန်သည်များ၊ ကော်ဖီဖြန့်ဖြူးသူများနှင့် ကော်ဖီထုတ်လုပ်သူများအပြင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်သည့်ကဏ္ဍများမှ အစားအသောက်နှင့် အဖျော်ယမကာစီမံခန့်ခွဲသူများအကြား တွေ့ဆုံမှုများပြုလုပ်သွားမည်ဖြစ်ကာ ကော်ဖီလုပ်ငန်းကဏ္ဍနယ်ပယ်တွင် သက်ဆိုင်သူများအကြား လုပ်ငန်းအပြန်အလှန်ဆက်သွယ်မှုနှင့် ဆက်သွယ်မှုများကို ပိုမိုအားပေးပြီး အလားအလာရှိသောမိတ်ဖက်များနှင့် ငွေပေးချေမှုလုပ်ငန်းစဉ်များအတွက် စံပြသတ်မှတ်မှုကို ပေးဆောင်မည် ဖြစ်သည်။

ထို့ပြင် ယခုလာမည့် ၂၀၂၄ ခုနှစ်၊ ပြပွဲတွင် ဆွေးနွေးမှုအစီအစဉ်များနှင့် အခမဲ့အလုပ်ရုံဆွေးနွေးပွဲများတွင် နောက်ထပ်ပါဝင်လာမည့်သူများကိုထားရှိရန်အတွက် ကြီးမားသောခန်းမကြီးနှစ်ခုတွင် ထားရှိလက်ခံကျင်းပသွား မည်ဖြစ်သည်။ ခန်းမကြီးတစ်ခုတွင် ပြပွဲကျင်းပသည့် အထူးပြုကော်ဖီအသင်းအဖွဲ့၏ ဆွေးနွေးပွဲများကို လက်ခံကျင်းပရန်ရည်ရွယ်ထားပြီး နောက်ခန်းမကြီးတစ်ခုတွင် ကမ္ဘာတစ်ဝှမ်းရှိ နောက်ဆုံးပေါ်ခေတ်ရေစီးကြောင်းများ၊ တီထွင်ဆန်းသစ်မှုများနှင့် ကော်ဖီထုတ်ကုန်များကို ဆွေးနွေးရန်အတွက် ကမ္ဘာတစ်ဝှမ်းမှ မြောက်မြားစွာသော ကော်ဖီလုပ်ငန်းကျွမ်းကျင်သူများ၊ ကော်ဖီပညာရှင်များတို့နှင့်အတူ မစိစစ်ရသေးသော ကျယ်ပြန့်သည့်ဆွေးနွေးမှုများကို လက်ခံကျင်းပခြင်းများကို လက်ခံပြုလုပ်သွားရန်အတွက်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သုံးသပ်တင်ပြချက်**

World of Coffee Dubai ပြပွဲကို Dubai World Trade Centre တွင် ၂၀၂၃ ခုနှစ်ကကျင်းပခဲ့ပြီး ယူအေအီးနိုင်ငံရှိ ကော်ဖီဈေးကွက်သည် ၂၀၂၃ ခုနှစ် မှ ၂၀၂၈ ခုနှစ်အတွင်း နှစ်စဉ် ၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၂ နှင့် ၂၀၂၇ ခုနှစ်ကြားတွင် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများတွင် နှစ်စဉ် ၇ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု မျှော်မှန်းထားသောကြောင့် ယမန်နှစ်ကကျင်းပပြုလုပ်ခဲ့သော အဆိုပါကော်ဖီပြပွဲသည် ကျယ်ပြန့်သောဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများရှိ ကော်ဖီလုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များ၏ စိတ်ဝင်စားတက်ရောက်မှုကိုရရှိအောင်မြင်ခဲ့ခြင်းကြောင့် ယခုနှစ် ကော်ဖီလုပ်ငန်းတွင် နောက်ထပ်ဈေးကွက်အသစ်များ တိုးချဲ့လိုသူများအတွက် အစီအစဉ်များစွာ ထည့်သွင်းထားခြင်းကြောင့် နိုင်ငံတကာကော်ဖီဈေးကွက်ကိုရရှိထိုးဖောက်လိုကြသည့် မြန်မာနိုင်ငံမှကော်ဖီလုပ်ငန်းများမှထုတ်ကုန်များ ဈေးကွက်ရရှိစေရေးနှင့် နိုင်ငံတကာကော်ဖီလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်အတွက် အလွန်အလားအလာရှိသောကြောင့် လက်လွတ်မခံဘဲပါဝင်တက်ရောက်ပြသသင့်သည့်ပြပွဲတစ်ရပ်ဖြစ်ပြီးပြသလိုသူများအနေဖြင့် dubai.worldofcoffee.org တွင် ဝင်ရောက်ကြည့်ရှု၍ ချိတ်ဆက်ပြသနိုင်ပါကြောင်း သိရသည်။ အရင်းအမြစ်။ emirates247.com

(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)–20112023–11:53

## ဗီယက်နမ် အုန်းသီး အမေရိကန်နှင့် တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့ရန်လမ်းပွင့်

ဗီယက်နမ်နိုင်ငံ အုန်းစိုက်ပျိုးသူများနှင့် အုန်းသီးစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းနှင့်ပြည်ပ ဝယ်လိုအားကိုဖြည့်ဆည်းရန် ထုတ်လုပ်မှုကိုတိုးချဲ့လျက်ရှိသည်။ အမေရိကန်သည် ဗီယက်နမ်နိုင်ငံ၏ လတ်ဆတ်သော အုန်းသီးများတင်သွင်းရန် ယခုနှစ် ဩဂုတ်လတွင် တရားဝင်ခွင့်ပြုခဲ့သည်။ တရုတ်နိုင်ငံကလည်း ဗီယက်နမ် အုန်းသီးများ တရားဝင်တင်သွင်းခွင့်ပေးလိုက်သည်။ သို့ဖြစ်ရာ အမေရိကန်နှင့် တရုတ်နိုင်ငံသို့ အုန်းသီးများ အဓိကထား တင်ပို့ရန် လမ်းပွင့်နေပြီဖြစ်သည်။

Mekong Fruit Export Co; Ltd ၏ ဒါရိုက်တာ Bui Duong Thuat မှ ပြောကြားရာတွင် အမေရိကန်ဈေးကွက်သည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် အုန်းသီးတင်သွင်းမှု ဒုတိယအကြီးဆုံးဖြစ်သည်။ နှစ်စဉ် လတ်ဆတ်သော အုန်းသီး ကွန်တိန်နာ ၂၀၀၀ ခန့် တင်သွင်းသည်။ ဗီယက်နမ်ကုမ္ပဏီများသည် တစ်နှစ်လျှင် လတ်ဆတ်အုန်းသီး ကွန်တိန်နာ ၁၀၀ မှ ၁၂၀ ကြား အမေရိကန် သို့တင်ပို့သည်။ သို့ဖြစ်ရာ တိုးမြှင့်တင်ပို့ရန် အလားအလာကောင်းများ ရှိနေသည်။

ဗီယက်နမ်အုန်းသီး လတ်လတ်ဆတ်ဆတ်များကို တရားဝင်တင်သွင်းခွင့်ပြုရေး လုပ်ထုံးလုပ်နည်းအရ အတည်ပြုရန် တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့သည် စိုက်ပျိုးဧရိယာများကို လိုက်လံစစ်ဆေးပေးနေသည်။ သို့ဖြစ်ရာ ဗီယက်နမ်မှ လတ်ဆတ်အုန်းသီးများကို မကြာမီ တရုတ်နိုင်ငံသို့တင်ပို့နိုင်မည်ဟုမျှော်လင့်ကြောင်း Thuat က ပြောသည်။ အုန်းပင်တစ်ပင်သည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အုန်းသီး ၁၄၀ မှ ၁၅၀ ကြားရရှိသည်။

အုန်းစိုက်တောင်သူများသည် တစ်နှစ်လျှင် တစ်ဟက်တာလျှင် ဒေါင် သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၄၂၀၀) အထိ ဝင်ငွေရနိုင်သည်။ Ben Tre သည် ဗီယက်နမ်နိုင်ငံ၏ အုန်းမြို့တော်ဟု လူသိများသည်။ ဗီယက်နမ်နိုင်ငံ အုန်းသီးထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးသည်။ Ben Tre တွင် ဂျပန်၊ စင်ကာပူ၊ ထိုင်ဝမ် (တရုတ်)၊ ဩစတြေးလျနှင့် ကနေဒါတို့ အပါအဝင် ဈေးကွက်များသို့ လတ်ဆတ်အုန်းသီးများ တင်ပို့သည့်လုပ်ငန်း ငါးခု ရှိသည်။ အုန်းသီးကို တရုတ်ဈေးကွက်သို့ တင်ပို့နိုင်စေမည့် ထုပ်ပိုးမှုဆိုင်ရာ ကုဒ်များနှင့် စိုက်ပျိုးဧရိယာကုဒ်များ ရရှိရန် ကုမ္ပဏီ ပေါင်း ၂၀ ခန့် မှတ်ပုံတင်ထားသည်။

Source: Vietnam News/ANN

Source:https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7219-coconut.html

## ရုရှားဆေးဝါးကုမ္ပဏီ Binnopharm Group သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဈေးကွက်များသို့ ဝင်ရောက်နိုင်ရန်စီစဉ်

ရုရှားဆေးဝါးကုမ္ပဏီ Binnopharm Group သည် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် အရှေ့တောင်အာရှ ဈေးကွက်သို့ ဝင်ရောက်နိုင်သည်ဟု ကုမ္ပဏီ၏ CEO ဖြစ်သူ Mr. Rustem Muratov က ပြောကြားသည်။

အထူးသဖြင့် Binnopharm Group သည် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင် ဈေးကွက်များသို့ ဝင်ရောက်ရန်စီစဉ်ထားပြီး မြန်မာနိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်သည့် အလားအလာကိုလည်း အကဲဖြတ်လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် အဆင်သင့်ဖြစ်လျှင် နိုင်ငံအားလုံး၌ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို ချက်ချင်းစတင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း Muratov က ပြောကြားခဲ့သည်။ ၎င်း၏အဆိုအရ ကုမ္ပဏီသည် လာမည့်လအနည်းငယ်အတွင်း အရှေ့တောင်အာရှတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်မည့်ကိစ္စကို ဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရသည်။ အစောပိုင်းတွင် Binnopharm Group သည် တရုတ်နိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခဲ့ပြီး တရုတ်ဈေးကွက်တွင် ရောင်းချမည့်ဆေးဝါးထုတ်ကုန်စာရင်းကို သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံတွင် အကြီးဆုံးဆေးဝါးထုတ်လုပ်သူများထဲမှ တစ်ခုဖြစ်သည့် Binnopharm Group ကို ၂၀၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၎င်းတွင် ဆေးဝါးအမျိုးအစားများစွာ ထုတ်လုပ်သော စက်ရုံ ၅ ခု ရှိသည်။ ထုတ်ကုန်များ၏ ၂၀ ရာခိုင်နှုန်းသည် Binnopharm ၏ ကိုယ်ပိုင်ဆေးဝါးပါဝင်ပစ္စည်းများမှ ထုတ်လုပ်သည်။

Binnopharm Group မှထုတ်လုပ်သောဆေးဝါးများသည် ရုရှားနိုင်ငံမှ ဆေးဝါးဈေးကွက်၏တင်ဒါနှင့် လက်လီရောင်းချမှုအပိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံ သို့လည်းတင်ပို့ရောင်းချ လျက်ရှိသည်။

Source : https://tass.ru/ekonomika/19289203, (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source:https://myantrade.gov.mm/article/STP(Yangon)-20112023-11:36

## ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် အထည်အလိပ်နှင့် ချည်ထည်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄၄ ဘီလီယံ ရည်မှန်းထား

ဗီယက်နမ်အထည်အလိပ်နှင့် ချည်ထည်များအသင်း (VITAS) သည် ယခုနှစ်နောက်ဆုံး သုံးလပတ်တွင် အပြုသဘော ဆောင်သော ပြောင်းလဲမှုများကို မြင်တွေ့ရသောကြောင့် အထည်အလိပ်နှင့်ချည်ထည်တင်ပို့မှုမှ ၂၀၂၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၄ ဘီလီယံရရှိရန် ရည်မှန်းထားရှိကြောင်း သိရှိရသည်။

VITAS ဥက္ကဋ္ဌ Vu Duc Giang က မကြာသေးမီကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယခုနှစ်တွင် ပို့ကုန် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ရှိပြီး ယခင်နှစ်ကထက် ၉ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်း ခဲ့ကြောင်း၊ COVID-19 ကပ်ရောဂါ၏ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် ဝယ်လိုအားကျဆင်းမှုများကြားတွင် ဗီယက်နမ်၊ အထည်အလိပ်နှင့်

အထည်ချုပ် ထုတ်ကုန်များအားနိုင်ငံနှင့် နယ်မြေ ၁၀၄ ခုသို့ တင်ပို့နိုင်မှုသည် စံချိန်တင်နိုင်သကဲ့သို့ စီးပွားရေးအသိုင်းအဝိုင်း၏ ကြီးမားသော ကြိုးပမ်းအားထုတ်မှုကို ပြသသည့် အောင်မြင်မှု တစ်ခုဖြစ်သည်ဟု Giang ကပြောကြားခဲ့သည်။

VITAS ၏ အဆိုအရ အမေရိကန်သည် စက်တင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ကျော်ဖြင့် ဗီယက်နမ် အထည်အလိပ်နှင့်အဝတ်အထည်ထုတ်ကုန်များကို အကြီးမားဆုံးတင်သွင်းသူအဖြစ်ရှိနေခဲ့ပြီး ၎င်းနောက်မှဂျပန်ကအမေရိကန် ဒေါ်လာ ၃ ဘီလီယံ၊ ကိုရီးယားသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃ ဘီလီယံ၊ အီးယူမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံတို့ အသီးသီးတင်သွင်းခဲ့ကြကြောင်း ဖော်ပြထားသည်။

အဓိက ဈေးကွက်များထဲတွင် အီးယူသို့ ဗီယက်နမ်၏ တင်ပို့မှုမှာ ကိုးလအတွင်း ဝင်ငွေ ၁၃ ရာခိုင်နှုန်း ကျဆင်းသွားသဖြင့် မျှော်မှန်းချက် ပြည့်မီခြင်းမရှိခဲ့ကြောင်း၊ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သူများသည် ပြည်ပသို့တင်ပို့ရန် ထုတ်ကုန်များ ကွဲပြားစေရန် ထုတ်ကုန်အမျိုးအစား ၃၆ မျိုး တင်ပို့နိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

ဗီယက်နမ်၏ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းသည် ကြီးမားသောဈေးကွက်အပေါ် မှီခိုအားထားမှုကို လျှော့ချရန်အတွက် ဈေးကွက်များ၊ ထုတ်ကုန်များ၊ ဖောက်သည်များနှင့် မိတ်ဖက်များကို ကွဲပြားစေခြင်းသည် မှီခိုအားထားမှုကို လျှော့ချရန် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ လာမည့်နှစ် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း Giang က ပြောကြားခဲ့သည်။

VITAS ၏ အဆိုအရ အထည်ချုပ်လုပ်ငန်းသည် အစိမ်းရောင်ထုတ်လုပ်မှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချ ရေးတို့နှင့်အတူ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအမံများကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ VITAS က ဗီယက်နမ်အနေဖြင့် ၎င်း၏ ဖက်ရှင်လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် အာရုံစိုက်ရန်လိုအပ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်တွင်းအမှတ်တံဆိပ်များ ဖန်တီးခြင်းနှင့် ယင်းအမှတ်တံဆိပ်များကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အသိအမှတ်ပြုမှုကို ထူထောင်ရန်တို့ ပါဝင်ကြောင်းသိရှိရသည်။ VITAS ၏ အဓိကရည်ရွယ်ချက်မှာ ဗီယက်နမ်ဖက်ရှင်အမှတ်တံဆိပ်များအသိအမှတ်ပြုမှုရရှိရေးနှင့်နိုင်ငံတကာဈေးကွက်တွင်မြှင့်တင်ရန်ဖြစ်ကြောင်းသိရှိရသည်။

Source: VNA , (စီးပွားရေးသံမှူး၊ ဗီယက်နမ်)

Source:https://myantrade.gov.mm/article/Naypyitawstp_301120231115

## ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နှစ်သစ်လက်ဆောင်အဖြစ် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဈေးနှုန်းလျှော့ချပေးသွားရန် စီစဉ်ဆောင်ရွက်

ထုတ်လုပ်သူများ၊ လက်လီ၊ လက်ကားရောင်းဝယ်သူများနှင့် စတိုးဆိုင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ နှစ်သစ်ကူးလက်ဆောင်အဖြစ် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဈေးနှုန်းလျှော့ချပေးမည့် အစီအစဉ်ကြီးတစ်ခုကို ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းလျှော့ချသည့် အစီအစဉ်သည် ထိုင်းနိုင်ငံသားများအတွက် အစိုးရ၏ နေထိုင်မှုစရိတ် လျှော့ချလိုသည့် မူဝါဒနှင့် ကိုက်ညီပါကြောင်း၊ အောက်တိုဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကုန်စည်နှင့် ဝန်ဆောင်မှု ၁၅၁,၆၇၆ ခုအပေါ် ဈေးနှုန်းလျှော့ချသည့် အစီအစဉ် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်နှင့် ဆက်စပ်လျက် ယခုအစီအစဉ်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ ပြည်တွင်းကုန်သွယ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

အစိုးရ၏ "Quick Win" မူဝါဒသည် ကုန်ကျစရိတ်လျှော့ချရန်၊ ဝင်ငွေတိုးပွားရန်နှင့် လုပ်ငန်းများ ချဲ့ထွင်ရန်ဖြစ်ကြောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှု ၁၅၀,၀၀၀ ၏ ဈေးနှုန်းများကို ၈၇ ရာခိုင်နှုန်းထိ လျှော့ချပေးပြီး နေထိုင်မှုကုန်ကျစရိတ်ကို ဘတ် ၂-၃ ဘီလီယံထိ သက်သာစေခဲ့ကြောင်း၊ မူဝါဒသည်သုံးစွဲမှုကို လှုံ့ဆော်ပေးပြီး စီးပွားရေးကို တွန်းအားပေးပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဈေးနှုန်းလျှော့ချမည့် အစီအစဉ်သစ်သည် အစားအသောက်နှင့် အဖျော်ယမကာ၊ အဓိကကုန်စည်များ၊ စိုက်ပျိုးရေး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ အားလုံးပါဝင်သည့် အစီအစဉ်ကြီး တစ်ခုဖြစ်ကြောင်း၊ ဦးစီးဌာန အနေဖြင့် ကုန်စည် အမျိုးအစား ၁၈ မျိုး၏ဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိပြီး ၎င်းဈေးနှုန်းများသည် တည်ငြိမ်နေပါကြောင်း၊ အသင့်စား ခေါက်ဆွဲခြောက်များ၊ လတ်ဆတ်အစားအစာများ၊ စည်သွပ်ဘူးများ၊ ဆန်အိတ်၊ အရသာဆေးခတ်များ၊ ဟင်းရွက်ဆီများ၊ အချိုရည်များ၊ နို့ထွက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ ဘိလပ်မြေ၊ ဆေးဝါးနှင့်ဆေးဘက်ပစ္စည်းများ ဖြစ်ကြောင်း၊ အချို့ကုန်စည်ဈေးနှုန်းများသည် ကျဆင်းသွား ကြောင်း Mr. Wattanasak က ဖြည့်စွက်ပြောကြားသည်။

Source: www.bangkokpost. gov , သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Naypyitawstp_301120231105

## ပြည်တွင်းကုန်သွယ်မှုသတင်း

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲနှင့် ဆန်စပါး သိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြား**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် သင်္ဂဟဟိုတယ်၊ နေပြည်တော်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သော Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲအခမ်းအနား (Go-Live Ceremony)နှင့် MyRO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံ တင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့ကျင်းပပြုလုပ်သည့် MyRO Website မိတ်ဆက်ပွဲနှင့် MyRO ၌ ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းဆွေးနွေးပွဲသည် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ တွင် ဖော်ထုတ်ခဲ့သော ဆန်စပါးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်တောင်သူများအတွက် သီးနှံအာမခံစနစ် တည်ထောင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင် ရွက်ခြင်းဖြစ်ပါကြောင်း၊ MyRO တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊ ဆန်စက်မှတ်ပုံတင်ခြင်း လုပ်ငန်းစသည့်လုပ်ငန်းများကို Digital Platform ပုံစံဖြင့်ဆောင်ရွက်မည်ဖြစ်ရာ ကုမ္ပဏီမှတ်ပုံတင်စနစ်ကဲ့သို့ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ ယခုအခမ်းအနားသည် ဆန်စပါးကဏ္ဍကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရန် ခြေလှမ်းအစဖြစ်သည့်အတွက် ဆက်လက် ဆောင်ရွက်ရမည့် ရှေ့ လုပ်ငန်းစဉ်များအပေါ် ကောင်းသည်ထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ကြစေလို ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒပိုင်းတည်ငြိမ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင်လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင် ကောင်းများကို ဖန်တီးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပုဂ္ဂလိက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက် သွားကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိရေး၊ ဝယ်ယူကြိတ်ခွဲသူများနှင့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိုက်သင့်သည့်အကျိုးအမြတ်ရရှိရေး၊ စားသုံးသူပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ ပြည်တွင်း ဖူလုံမှုရှိစေရေးနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့ ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပပြုလုပ်ခဲ့ပြီး ဦးစားပေးလုပ်ငန်းစဉ် ၄၃ ရပ် ကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ် များအနက် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့်ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် ၁၂ ရပ်ကို ဖော်ထုတ်ခဲ့ ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းခဲ့ပြီး သိုလှောင်ရုံ ကုန်အပ်လက်မှတ် ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် ဆောင်ရွက်မည့်အစီအမံများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ စံလုပ်ထုံး လုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခြင်း၊ သီးခြားရန်ပုံငွေတစ်ရပ် ထူထောင် ခြင်း၊ အစပျိုးစမ်းသပ်ကာလ (Pilot Project)အဖြစ် စတင်ဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံတည်ဆောက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကို အားပေးကူညီခြင်း စသည့်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါ ကြောင်း၊ Pilot Project အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီစဉ်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ MyRO တွင် တောင်သူများ၊ ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စားသုံးသူများ အပါအဝင် ဆန်စပါး လုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသူများအတွက် တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှု များ၊ မှတ်ပုံတင်သည့်လုပ်ငန်းများကို လွယ်ကူရိုးရှင်းစွာဖြင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ရာ သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေ လိုပါ ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့်သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ Source: [https://www.commerce.gov.mm/my/article/](https://www.commerce.gov.mm/my/article/)

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital e-Commerce Platform တွင် MSMEs များနှင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ ပါဝင်အသုံးပြုနိုင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် MSMEs လုပ်ငန်းရှင်များ မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များအား ကုန်သွယ်ရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ Digital e-Commerce Platform ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ရေးဆွဲတည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာပို့ကုန်လုပ်ရှင်များ၏ လုပ်ငန်းနှင့်ထုတ်ကုန်ဆိုင်ရာအချက်အလက်များကို ပြည်ပမှဝယ်လိုသူများအား အလွယ်တကူသိရှိစေပြီး ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုအနီးကပ်ဆောင်ရွက်နိုင်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးဖွဲ့၏ Digital e-Commerce Platform ပေါ်တွင် အဖွဲ့ဝင် (Registration ) ပြုလုပ်၍ Account တစ်ခုရယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာပို့ကုန်လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များအနေဖြင့် သုံးစွဲခွင့် Account ရရှိပြီးဖြစ်ပါက အောက်ပါတို့ကို ဆောင်ရွက်နိုင်မည်-

(က) လုပ်ငန်းရှင်များသည် Digital Trade Office တစ်ခုကို မိမိ၏ ကိုယ်ပိုင် Online ရုံးခန်းတစ်ခုသဖွယ်သုံးစွဲခွင့်ရရှိပါသည်။

( ခ) လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ထုတ်ကုန်ဆိုင်ရာအချက်အလက်များကို Digital Trade Office ကို အသုံးပြု၍ e-Commerce Platform တွင် တင်ပြကြော်ငြာထားနိုင်ပါသည်။

( ဂ) မြန်မာကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းလိုသော ပြည်ပမှ Buyer များက ယင်းတို့ဝယ်ယူလိုသည့်ကုန်ပစ္စည်းအချက်အလက်များကို Digital e-Commerce Platform ပေါ်တွင် တင်ပြကြော်ငြာထားနိုင်ပါသည်။

(ဃ) မြန်မာပို့ကုန်လုပ်ငန်းရှင်များ၏ ရောင်းလိုသောကုန်ပစ္စည်းများကို ပြည်ပမှ Buyer များက Digital Trade Office မှတစ်ဆင့် သိရှိနိုင်ပြီး အပြန်အလှန်အားဖြင့် ပြည်ပမှ Buyer များ၏ ဝယ်ယူလိုသော ကုန်ပစ္စည်းအချက်အလက်များကို မြန်မာပို့ကုန်လုပ်ငန်းရှင်များက Digital Trade Office မှတစ်ဆင့် သိရှိနိုင်ပါသည်။

( င) ပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များသည် Digital e-Commerce Platform ပေါ်တွင် တည်ရှိနေသည့်အတွက် ရောင်းလို၊ ဝယ်လိုမှုများကို အလွယ်တကူ သိရှိဆက်သွယ် ဆောင်ရွက်နိုင်ပါသည်။

( စ) ကုန်စည်ပြပွဲ အစီအစဉ်များနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း Digital e-Commerce Platform တွင် အချိန်နှင့် တစ်ပြေးညီ သိရှိခွင့်ရရှိမည်ဖြစ်ပါသည်။

(ဆ) လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းအဝင်အထွက်နှင့် လက်ကျန်များကို ထိန်းသိမ်းနိုင်ရန် ကိုယ်ပိုင် Inventory control System တစ်ခုကို သုံးစွဲခွင့်ရရှိမည်ဖြစ်ပါသည်။

(ဇ) အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက်နိုင်စေရန်အတွက် Mobbile App ကိုလည်း Mobile ဖုန်းတွင် ထည့်သွင်းသုံးစွဲနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များသည် ရောင်းလို၊ ဝယ်လိုမှုများကို လျင်မြန်စွာရှိနိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီတစ်နေရာတည်းမှဆောင်ရွက်နိုင်စေရန် [https://www.my-etrade.org/register](https://www.my-etrade.org/register) တွင်လည်းကောင်း၊ အောက်ပါ QR Code ကို Scan ဖတ်၍လည်းကောင်း ပုံစံဖြည့်စွက် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

Source: အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ

# ပြည်ပကုန်သွယ်မှုသတင်း

## တရုတ်နိုင်ငံ ၂၀၂၃ စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြူနီစီပယ်အစိုးရ၊ နိုင်ငံခြားရေးရာဌာန၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြို့တွင် ကျင်းပမည့် ၂၀၂၃ စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2023 Sichuan–Chongqing & Mekong Countries Sub–national Cooperation Forum) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကိုအကျိုးဖြစ်ထွန်းစေရန်၊ စီးပွားရေးနှင့်ကုန်သွယ်ရေးချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် ချန်ဒူး-ချုံချင့်ဒေသနှင့် မဲခေါင်နိုင်ငံများအကြား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ပြီး အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့နှင့် ကိုယ်စားလှယ် (၃) ဦး လိုက်ပါသွား ကြကြောင်းသိရသည်။ Source: https://www.commerce.gov.mm/my/article/

## ဖိလစ်ပိုင်နိုင်ငံမှ ဒီဇင်ဘာလအတွင်း ကြက်သွန်နီ တန်ချိန် ၂၁,၀၀၀ တင်သွင်းရန်ရှိ

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်ဒီဇင်ဘာလအတွင်း ကြက်သွန်နီတန်ချိန် ၂၁,၀၀၀ တင်သွင်းရန်ရှိကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၊ Bureau of Plant and Industry မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။ လာမည့်ခရစ္စမတ်ရာသီအတွင်း ကြက်သွန်နီပြတ်လပ်ပြီး ဈေးနှုန်းမတက်စေရန်နှင့် လိုအပ်သည့်ပမာဏအား ဖြည့်တင်းနိုင်ရေး တင်သွင်းသွားမည်ဖြစ်ကြောင်း၊ တစ်ကီလိုလျှင် ပီဆို-၁၀ မှ ပီဆို-၂၀ ထိ ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သော်လည်း ကြက်သွန်နီလက်ကျန်ကုန်လုနီးပါးထိဈေးကွက်တွင်းဖြန့်ချိထားကြောင်း၊ လာမည့်လအတွက်အလုံအလောက်အချိန်မီ တင်သွင်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ပြည်တွင်းကြက်သွန်နီမှာ တစ်ကီလိုလျှင် ပီဆို-၁၄၀ မှပီဆို-၁၈၀ထိဈေးရှိပါကြောင်း၊ လာမည့် သတင်းပတ်အတွင်း ဈေးနှုန်းကျဆင်းလာနိုင်ကြောင်း၊ ကြက်သွန်နီတင်သွင်းထားမှုများ ပြည်တွင်းဈေးကွက်သို့ အလုံးအရင်းဝင်ရောက်ခဲ့သည့်ကိစ္စအပေါ် ရှင်းလင်းတင်ပြရန် လွန်ခဲ့သောလက ဖိလစ်ပိုင်လွှတ်တော်မှ စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနသည် လွှတ်တော်စိုက်ပျိုးရေးနှင့် အစားအစာဌာနမှ မေးမြန်းထားသည့်အပေါ် Bureau of Plant and Industry ၏ ဖြေကြားမှုအား ဌာနတွင်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ Bureau of Plant and Industry မှ တင်သွင်းလာသည့် ဟင်းသီးဟင်းရွက်များအား အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းထားရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအပေါ် ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

တစ်လတာခံ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များအတွက် ဌာနတွင်းလုပ်ငန်းစဉ်ဆောင်ရွက်မှုသည် ရက်ပေါင်း (၆၀) ခန့်ကြာမြင့်လေ့ရှိသဖြင့် တင်သွင်းရောက်ရှိလာမည့် ဟင်းသီးဟင်းရွက်များအတွက် ပိုမို ထိရောက်သောလုပ်ငန်းစဉ် အချိန်မီဆောင်ရွက်ပေးနိုင်မှု၊ အအေးခန်းထိန်းသိမ်းထားရှိမှုဆိုင်ရာလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများချမှတ်ပေးသွားရန် လိုအပ်ကြောင်း ဖော်ပြပါရှိသည်။

လက်ရှိ ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီတင်သွင်းခွင့်ရရှိထားသောနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ သြစတြေးလျ၊ ကိုရီးယား၊ နယ်သာလန်နှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်ပါကြောင်း၊ ကြက်သွန်နီတင်သွင်းခွင့် လိုင်စင်ရရှိထားသော ကုမ္ပဏီပေါင်း (၁၆၈) ခု ရှိကြောင်း၊ လက်ရှိမူဝါဒအရ ဖိလစ်ပိုင်နိုင်ငံသို့ ကြက်သွန်နီတင်ပို့ရောင်းချလိုပါက တင်ပို့လိုသည့်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား G to G သာဆောင် ရွက်နိုင်သည်။

မြန်မာ့ကြက်သွန်နီ ဖိလစ်ပိုင်နိုင်ငံသို့ G to G တင်ပို့နိုင်ရေးအတွက် ပထမဦးစွာ ကြက်သွန်နီ အရည်အသွေး စစ်ဆေးနိုင်ရေးဦးစွာ Trial Shipment ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ပေးပို့နိုင်ရန် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ Philippines International Trade Corporation (PITC)၊ Bureau of Plant and Industry တို့အကြား ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

Source; [https://www.cnnphilippines.com/news/2023/11/27/PH-to-import-21-000-MT-of-onions-in-December---DA-.html?utm_source=izooto&utm_medium=push_notifications&utm_campaign=PH%20to%20import%2021,000%20MT%20of%20onions%20in%20December%20%E2%80%93%20DA](https://www.cnnphilippines.com/news/2023/11/27/PH-to-import-21-000-MT-of-onions-in-December---DA-.html?utm_source=izooto&utm_medium=push_notifications&utm_campaign=PH%20to%20import%2021,000%20MT%20of%20onions%20in%20December%20%E2%80%93%20DA),(စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: [https://myantrade.gov.mm/article/Naypyitawstp_291120230320](https://myantrade.gov.mm/article/Naypyitawstp_291120230320)

## ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၉၄၄၃၅ ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၁၆ သန်းကျော်ရရှိ

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၉၄၄၃၅ ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၁၆ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရော်ဘာစိမ်းတင်ပို့မှုအနေဖြင့် တန်ချိန် ၉၄၄၃၅ ဒသမ ၃၈ တင်ပို့မှုမှ ဒေါ်လာ ၁၁၆ ဒသမ ၇၉ သန်းရရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ရော်ဘာစိမ်းတင်ပို့မှုမှဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်း တင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ် လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန် ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက်ပါဝင် ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရသည်။ Source: [https://news-eleven.com/article/284902](https://news-eleven.com/article/284902)

# အထူးဆောင်းပါးများ

## အိန္ဒိယနိုင်ငံ၌ ယခုနှစ်စပါးပေါ်ချိန် ၄၅ ရက်အတွင်း အစိုးရ၏ဆန်ဝယ်ယူမှု ၄ ရာခိုင်နှုန်းကျဆင်း

ယခုနှစ်တွင် အိန္ဒိယအစိုးရ၏ အရန်ဆန်ဝယ်ယူရေးအတွက် အဓိကတာဝန်ရှိသော အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India)မှ ဆန်ဝယ်ယူမှုကျဆင်းခဲ့ကြောင်းသိရသည်။ ဝယ်ယူရေးရာသီ စတင်သည့် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ အစိုးရက ဆန်ဝယ်ယူသည့်စာရင်း များအရ မက်ထရစ်တန်ချိန် ၁၆၁ ဒသမ ၃ သိန်းရှိပြီး ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ပြီးခဲ့သည့်အောက်တိုဘာလကုန်ရှိဆန်ဝယ်ယူမှုပမာဏသည် လွန်ခဲ့သောနှစ်ကာလတူထက် ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုကြည့်လျှင် အစိုးရအနေဖြင့် ကွာဟချက်ကို နည်းနိုင်သမျှနည်းရန် ယခုသီတင်းပတ် (၂) ပတ် အတွင်း ဆန်ဝယ်ယူမှုသိသိသာသာမြင့်တက်ခဲ့ကြောင်းတွေ့ရသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်က အစိုးရ ၏ ဆန်ဝယ်ယူမှုပမာဏ တန်ချိန် ၁၆၈ ဒသမ ၇၅ သိန်းရှိခဲ့ကြောင်းသိရသည်။ ယခုလ ပထမသီတင်းပတ် (၂)ပတ်အတွင်း ဆန်ဝယ်ယူမှုပမာဏမှာ တန်ချိန် ၅၇ ဒသမ ၇၇ သိန်းရှိသည့်အတွက် လွန်ခဲ့သောနှစ် ကာလတူရှိ တန်ချိန် ၅၄ ဒသမ ၆၂ သိန်းနှင့်နှုန်းယှဉ်လျှင် မြင့်တက်လာကြောင်း တွေ့ရသည်။

**အစိုးရ၏ ဆန်ဝယ်ယူရေးရည်မှန်းချက်**

အိန္ဒိယအစိုးရသည် ဆန်ကို ၂၀၂၃-၂၄ ခုနှစ် ခါရစ်(မိုး)ရာသီ(အောက်တိုဘာလမှ စက်တင်ဘာလအထိ) တွင် တန်ချိန် ၅၂၁ ဒသမ ၂၇ သိန်းဝယ်ယူရန် ရည်မှန်းထားသည်။ အဆိုပါခါရစ်(မိုး)ရာသီ၏ ဆန်ထုတ်လုပ်မှုမှာ လက်ရှိရာသီတွင် ၁၀၆ ဒသမ ၃၁ သန်းရှိပြီး၊ လွန်ခဲ့သောနှစ် ရာသီက တန်ချိန် ၁၁၀ ဒသမ ၅၁ သန်းရှိခဲ့သည့်အတွက် ၄ ရာခိုင်နှုန်းခန့်ကျဆင်းမည်ဟု အိန္ဒိယ စိုက်ပျိုးရေး ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

"ဘယ်လိုပဲ ပထမသီတင်းပတ်(၂)ပတ်မှာ ဆန်ဝယ်ယူမှုတိုးတယ်ပဲဆိုဆို ၂၀၂၁ ခုနှစ် ခါရစ်(မိုး)ရာသီကနှုန်းနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀ သိန်းနီးပါးလျော့နည်းနေပါတယ်။ ဥတ္တာပရာဒက်နှင့် ဘီဟာပြည်နယ်တို့ကဲ့သို့ စပါးအဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် ယမန်နှစ်က မိုးရွာသွန်းမှုလျော့နည်းပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လက အခြောက်သွေ့ဆုံးဖြစ်ခဲ့သည့်အတွက် ပြည်နယ်အများစုရှိ စပါးစိုက်ပျိုးမှုအပေါ် သက်ရောက်မှုတွေရှိခဲ့တယ်။ ပြန်လည်စိုက်ပျိုးတာတွေလုပ်ခဲ့ရတဲ့ ပြည်နယ်ဒေသ အစိတ်အပိုင်းတော်တော်များများကနေ စပါးထွက်ရှိမှု နှောင့်နှေးကြန့်ကြာနေဦးမှာပဲဖြစ်ပါတယ်။"ဟု တရားဝင်သတင်းရင်းမြစ် တစ်ခုက ပြောကြားခဲ့သည်။

ပထမလတွင် ပန်ဂျပ်ပြည်နယ်မှ ဗဟိုစားနပ်ရိက္ခာသိုလှောင်ရုံများသို့ ပေးပို့လာသော ဆန်ပမာဏ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း နိုဝင်ဘာလ ၁၅ ရက်အထိ ပြည်နယ်မှ ဆန်ဝယ်မှုပမာဏမှာ တန်ချိန် ၁၀၈ ဒသမ ၇ သိန်းရှိခဲ့ကြောင်း သိရသည်။ သို့သော် ယခင်ကာလတူက တန်ချိန် ၁၁၃ ဒသမ ၇ သိန်းရှိခဲ့သည့်အတွက် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အစိုးရက နိုဝင်ဘာလကုန်တွင် ပန်ဂျပ်ပြည်နယ်မှ ဆန်တန်ချိန် ၁၂၂ သိန်းဝယ်ယူရန် ရည်မှန်းထားခြင်းဖြစ်သည်။ ယခု သီတင်းပတ်အစောပိုင်းက ပြည်နယ်အစိုးရအနေဖြင့် လယ်သမားများဆန္ဒပြနေသည့်ကြားက ဆန်ဝယ်ယူမှုဗဟိုဌာန ၃၀၀ နီးပါး အား ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မိုးရွာသွန်းမှုများပြားပြီး သစ်ပင်ပိခြင်းတို့ဖြစ်ပွားပြီး ခရိုင်အချို့တွင် စပါးပင်များကို ပြန်လည်စိုက်ပျိုးကြရသည့် အတွက် ရိတ်သိမ်းချိန်နောက်ကျပြီး စပါးထွက်ရှိချိန်နောက်ကျနေမည်ဖြစ်သည်။ အစိုးရအနေဖြင့် စပါးအထွက်နှုန်းကျပြီး ဈေးကောင်း ရသည့်အတွက် လယ်သမားများအနေဖြင့် အစိုးရ၏ပြင်ပဈေးကွက်များသို့ ရောင်းချသွားဖွယ်ရှိကြောင်း ကနဦးကယူဆထား သော်လည်း နောက်ပိုင်းတွင် ပြဿနာအခြေအနေများကို ရိပ်စားမိသည့်အတွက် ဗဟိုဌာန ၂၈၅ ခုကို စပါးဝယ်ယူခွင့်ပြုခဲ့ ကြောင်းသိရသည်။ "လိုအပ်ပါက ဌာနအနေနဲ့ နိုဝင်ဘာလ ၃၀ ရက်နေ့ နောက်ပိုင်းအထိ စပါးဝယ်ယူသည့်အချိန်ကို တိုးမြှင့် သွားဖွယ်ရှိပါတယ်။"ဟု အဆိုပါ ပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ဟာယနပြည်နယ်သည် ရည်မှန်းချက်နှင့်လွဲခဲ့သလော**

ဟာယနပြည်နယ်တွင် ယခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ဆန်ဝယ်ယူမှုပြီးမြောက်ခဲ့ပြီး၊ စုစုပေါင်း နံ့စားသီးနှံ တန်ချိန် ၃၈ ဒသမ ၉၁ သိန်းဝယ်ယူခဲ့ကြောင်း သိရသည်။ ယခင်နှစ် ကာလတူက တန်ချိန် ၃၈ ဒသမ ၉၃ ဝယ်ယူခဲ့သည့်အတွက် အနည်းငယ်သာလျော့နည်းခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အနေဖြင့် ယခုနှစ်တွင် ဗဟို စားနပ်ရိက္ခာသိုလှောင်ရုံများအတွက် တန်ချိန် ၄၀ သိန်းဝယ်ယူရန် ရည်မှန်းထားခြင်းဖြစ်သည်။ သို့သော် ယမန်နှစ်က နောက်ဆုံးရရှိခဲ့သော အချက်အလက်များအရ ဆန် ဝယ်ယူမှုပမာဏ တန်ချိန် ၃၉ ဒသမ ၇၇ သိန်း ရှိခဲ့သလို၊ ယခုနှစ်တွင်လည်း အချက်အလက်များကို နောက်ဆုံးညှိနှိုင်းပြီးသည့် အချိန်တွင် အနည်းဆုံးဆန်တန်ချိန် ၁ သိန်းမှ ၂ သိန်းအထိ တိုးမြှင့်လာဖွယ်ရှိကြောင်း သိရသည်။

**အစိုးရ၏ ပြည်နယ်အလိုက် ဆန်စပါးဝယ်ယူမှုအခြေပြဇယား* (တန်ချိန် သိန်းပေါင်း)**

| ပြည်နယ်အမည် | ၂၀၂၃-၂၄ ခုနှစ် | ၂၀၂၂-၂၃ ခုနှစ် | % တိုး/လျော့ |
|---|---|---|---|
| ဟာယန (Haryana) | 38.91 | 38.93 | –0.1 |
| ပန်ဂျပ် (Punjab) | 108.7 | 113.7 | –4.4 |
| ဥတ္တာပရာဒက် (UP) | 1.57 | 2.39 | –34.3 |
| တမီးလ်နာဒု (Tamil Nadu) | 3.63 | 5.74 | –36.8 |
| ဥတ္တရာခန်း (Uttarakhand) | 2.98 | 4.15 | –28.2 |
| ချာတစ်ဂါ (Chhattisgarh) | 2.65 | 3.56 | –25.6 |
| တီလင်ဂါန (Telangana) | 2.26 | 0.04 | 5,550.00 |
| ပြည်နယ်အားလုံး (All India) | 161.3 | 168.75 | –4.4 |

*အောက်တိုဘာလ ၁ ရက်နှင့် နိုဝင်ဘာလ ၁၅ ရက်အကြား

ဇစ်မြစ်။ The Hindu Businessline

ဥထာပရာဒက်ပြည်နယ်၏ ဆန်ဝယ်ယူမှုသည် လွန်ခဲ့သောနှစ်ကာလတူက တန်ချိန် ၂ ဒသမ ၃၉ သိန်း ရှိခဲ့ပြီး၊ ယခုနှစ်တွင် ၁ ဒသမ ၅၇ သိန်းသာရှိသည့်အတွက် ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ ပြည်နယ် အနေဖြင့် ၂၀၂၃-၂၄ ခါရစ်(မိုး)ရာသီတွင် စပါးပုံမှန်ထွက်ရှိရမည့်အခြေအနေမှ ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည့်အတွက် ဝယ်ယူမှုများ ဆက်လက်ကျဆင်းဖွယ်ရှိနေသည်။

တမီးလ်နာဒုပြည်နယ်၏ ဆန်ဝယ်ယူမှုသည် တန်ချိန် ၃ ဒသမ ၆၃ သိန်းရှိပြီး ယခင်ကာလတူက ၅ ဒသမ ၇၄ သိန်းရှိသည့်အတွက် ၃၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တီလင်ဂါနပြည်နယ်တွင်လည်း အစိုးရက ဆန်ဝယ်ယူမှု စတင်ခဲ့ပြီး တန်ချိန် ၂ ဒသမ ၂၆ သိန်းဝယ်ယူပြီးဖြစ်ကာ လွန်ခဲ့နှစ်ကာလတူထက် တန်ချိန် ၄၀၀၀ ခန့် မြင့်တက်လာသည်ကို တွေ့ရသည်။

ချာတစ်ဂါပြည်နယ်တွင်လည်း အစိုးရ၏ဆန်ဝယ်ယူမှုစတင်ခဲ့ပြီး ပြီးခဲ့သည့်(၁၅)ရက်စာရရှိသည့် အချက်အလက်များအရ တန်ချိန် ၂ ဒသမ ၆၅ သိန်းရှိပြီး လွန်ခဲ့သောနှစ်ကာလတူက ၃ ဒသမ ၅၆ သိန်းရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြည်နယ်တွင် အစိုးရသစ်ဖွဲ့စည်းပြီးချိန်အထိ ဆန်စပါးဝယ်ယူမှုနှုန်း အနည်းငယ်နှေးကွေးဖွယ် ရှိကြောင်းသိရသည်။ အကြောင်းမှာ ပြည်နယ်လွှတ်တော်နှင့် BJP ပါတီတို့မှ စပါး၏အနိမ့်ဆုံး ကြမ်းခင်းဈေး (Minimum Support Price-MSP)ကို တစ်ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၃၁၀၀ မှ ၃၂၀၀ အထိ သတ်မှတ် ပေးသွားမည်ဟု ကတိပြုထားသောကြောင့်ဖြစ်သည်။

အစိုးရက ယခုနှစ် ဇွန်လတွင် သာမန်စပါးမျိုးအတွက် အနိမ့်ဆုံးကြမ်းခင်းဈေး(Minimum Support Price-MSP) ကို တစ်ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၂၁၈၃ နှင့် အရည်အသွေး A အဆင့်စပါးမျိုးအတွက် တစ်ကွင်တယ် (၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၂၂၀၃ သတ်မှတ်ပေးထားကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

